မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက် ၂၀၂၄ ခုနှစ်၊ မတ် ၂၁ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၃)၊ အမှတ်(၁၇၃)

နိဗ္ဗာန်ကမ်းတစ်ဖက်သို့

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(၈မွမ၁၅-၈၆)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံစီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

မာရဝိဇယဗုဒ္ဓရုပ်ဟွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများအနက် ဦးရေ ၁ ဒသမ ၅ သန်းပြည့်မြောက်သည့် ဘုရားဖူး ဆရာတော်အား ဓမ္မလက်ဆောင်ပစ္စည်းများ ဂုဏ်ပြုဆက်ကပ်

နေပြည်တော် မတ် ၂၀

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကွိုဏာသီရိဗြိုနယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကုံတော်တွင် တည်ထားပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူအများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ၂၀၂၄ ခုနှစ် သြဂုတ် ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်းပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကားလျက်ရှိသည်။

စာမျက်နှာ ၆ ကော်လံ ၁ ○

ယနေ့ မာ တီ ကာ

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်ကို ဒုတိယအကြိမ်ဖြည့်စွက်ပြဋ္ဌာန်းချက် ထုတ်ပြန်

ထုတ်ပြန်ချက် စာ ၃

ရုရှားဗဟက်ဒရေးရှင်းနိုင်ငံ သမ္မတ ရွေးကောက်ပွဲတွင် အနိုင်ရရှိသော Vladimir Vladimirovich Putin ထံသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပါအဝင် ကမ္ဘာနိုင်ငံအသီးသီးမှ နိုင်ငံခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြောင်း သတင်းဖော်ပြ

ပြည်တွင်းသတင်း စာ ၄

(၇၉) နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော ဒို့တာဝန်အရေး(၃)ပါးကို တပ်မတော်၏အမျိုးသားရေးမူဝါဒအဖြစ် အမြဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်အတွက် အသက်ပေးကာကွယ်စောင့်ရှောက်ရေး။

(ခ) နိုင်ငံတော်၏ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူလူထုတို့နှင့်အတူ တပ်မတော်သားများ အနေဖြင့် ကျေရာအခန်းကဏ္ဍများမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(ဂ) အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာ ဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်များနှင့်အညီ စွမ်းရည်(၃)ရပ် တိုးတက်မြင့်မားအောင် အစဉ်တစိုက် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(ဃ) နိုင်ငံတော်၏ ပကတိလိုအပ်ချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

(၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့ရှိ နန္ဒာလမ်း နိုင်လွန်ကတ္တရာအဆင့်မြှင့်တင် လမ်းသစ်ဖွင့်ပွဲကျင်းပ

မန္တလေး မတ် ၂၀

မတ်လ ၂၇ ရက်နေ့တွင် ကျရောက်မည့် (၇၉) နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်မြို့ရှိ နန္ဒာလမ်းနိုင်လွန်ကတ္တရာ အဆင့်မြှင့်တင်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ရုပ်ကွက်ကြီး(၆)ရှိ အဆိုပါလမ်းသစ် မဂ်လာမုခ်ဦးရှေ့တွင် ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ပြင်ဦးလွင်တပ်နယ်မှူး ဗိုလ်မှူးချုပ် စိုးမြတ်ထွန်းနှင့် တပ်နယ်မှအရာရှိကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ဒေသခံရပ်မိရပ်ဖများ၊ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ပြင်ဦးလွင်မြို့အား ခရီးသွားမြို့တော်၊ စံပြမြို့တော်ဖြစ်စေရေး အလေးထားဆောင်ရွက် နေပါကြောင်း၊ ပြင်ဦးလွင်မြို့တွင် ပြည်တွင်းပြည်ပ ခရီးသွားများအတွက် ခရီးစဉ်ဒေသများစွာရှိပြီး ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်ပါကြောင်း၊ အချိန်တိုအတွင်းသွားလာမှု အဆင်ပြေချောမွေ့လွယ်ကူစွာရှိစေရန် လမ်းများ၏ အခန်းကဏ္ဍသည် အဓိကကျပါကြောင်း၊ ရာသီမရွေးသွားလာနိုင်သည့်လမ်းများ ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင် ပေးခြင်းများကို ဆောင်ရွက်ပေးခြင်းဖြင့် ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါကြောင်း၊ ယခုဖွင့်လှစ်လိုက်သည့် နန္ဒာလမ်း နိုင်လွန်ကတ္တရာလမ်း အဆင့်မြှင့်တင်ခင်းကျင်းခြင်းကို တိုင်းဒေသကြီး ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၃၇၈ သန်းဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အရှည် ၂၆၇၅ ပေ x အကျယ် ၂၄ ပေ x ထု ၃ လက်မ ရှိကာ ဂန္ဓမာမြို့အုပ်ချုပ်မှ ကန်တော်ကြီးဝင်ပေါက်အထိ ဖောက်လုပ်ထားပြီး တိုင်းရင်းသားကျေးရွာအထိရောက်ရှိသည့် ပြင်ဦးလွင်မြို့၏ အဓိကလမ်းမကြီးတစ်ခုဖြစ်ပါကြောင်း၊ ရေရှည်ထိန်းသိမ်းခြင်းလုပ်ငန်းများကို အားလုံးပိုင်းဝန်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးစည်ပင်သာယာရေးရာ ဝန်ကြီး ဦးကျော်ဆန်းက ပြင်ဦးလွင်မြို့သန့်ရှင်းသာယာလှပရေးနှင့်အတူ မြို့တွင်းလမ်းများနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြင်ဦးလွင်တပ်နယ်မှူးနှင့် တာဝန်ရှိသူများက (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နန္ဒာလမ်း နိုင်လွန် ကတ္တရာလမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ **(အောက်ပုံ)** ဖွင့်ပွဲအမှတ်တရ လက်ဆောင်များ ပေးအပ်ပြီး နန္ဒာလမ်း နိုင်လွန်ကတ္တရာ လမ်းတစ်လျှောက် ကြည့်ရှုကာ ဒေသခံရပ်မိရပ်ဖများအား ရင်းနှီးစွာလိုက်လံနှုတ်ဆက်၍ ဘင်ခရာ အဖွဲ့၊ ပန်းပွားအကအဖွဲ့နှင့် တိုင်းရင်းသားအဖွဲ့တို့အား ဂုဏ်ပြုငွေများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

■ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

■ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

နိုင်ငံအတွက် အဘက်ဘက်မှ အန္တရာယ် မူးယစ်ရန်စွယ် နှိမ်နင်းတိုက်ဖျက်

ကမ္ဘာတစ်ဝန်းလုံးရှိ လူသားမျိုးနွယ်တစ်ရပ်လုံးကို ခြိမ်းခြောက်နေသည့် မူးယစ်ဆေးဝါးပြဿနာသည် မိမိတို့နိုင်ငံတွင်လည်း လူငယ်ထုအတွင်း ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အန္တရာယ်များကို ကျရောက်စေနိုင်သည့်အပြင် နိုင်ငံ၏လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကိုလည်း ခြိမ်းခြောက်လျက်ရှိသည်။ ပြီးခဲ့သည့် နှစ်ကုန်ပိုင်းတွင် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုတိုက်ဖျက်ရေးရုံး၏ အစီရင်ခံစာတစ်ရပ်ကို ကိုးကား၍ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုတိုးလာကြောင်း ပြည်ပသတင်းဌာနအချို့က သတင်းများ ဖော်ပြခဲ့ကြသည်။

ပြည်တွင်းမငြိမ်မသက်မှုများ၊ လက်နက်ကိုင်တိုက်ခိုက်မှုများဖြစ်ပွားမှု အရှိန်မြင့်လာသည့်ကာလအတွင်း ဝေးလံခေါင်သီသည့် ဒေသများတွင် ဘိန်းစိုက်ပျိုးမှု ပိုမိုများပြားလာကြောင်းနှင့် ဘိန်းသည် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့အစည်းများ၏ ဝင်ငွေရေလမ်းကြောင်းဖြစ်ကြောင်းကိုလည်း သတင်းများတွင် မဖြစ်မနေ ဖော်ပြလာကြရသည်။ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးထုတ်လုပ်မှု အများဆုံးနေရာသည် ရှမ်းပြည်နယ်ဖြစ်ပြီး ယမန်နှစ်က ဘိန်းမက်ထရစ်တန် ၁၀၈၀ ထုတ်လုပ်ခဲ့ပြီး ဘိန်းစီးပွားရေးပမာဏ အမေရိကန်ဒေါ်လာ ၂ ဒသမ ၄ ဘီလီယံအထိ ရှိခဲ့ကြောင်း UNODC က ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံ၏ နောက်ထပ် မူးယစ်ဆေးဝါးပြဿနာမှာ စိတ်ကြွရူးသွပ်ဆေးပြားပြဿနာဖြစ်ပြီး လွန်ခဲ့သည့် ၁၀ နှစ်ခန့်မှ စတင်ကြီးထွားလာကာ ကမ္ဘာပေါ်တွင် စိတ်ကြွရူးသွပ်ဆေးထုတ်လုပ်သည့် အဓိကနိုင်ငံများထဲတွင် ပါဝင်လာခဲ့ခြင်းဖြစ်သည်။ မူးယစ်ဆေးဝါးထုတ်လုပ်ရာတွင် အသုံးပြုသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို မြန်မာနိုင်ငံတွင် ထုတ်လုပ်နိုင်ခြင်းမရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများက အခြားနိုင်ငံများမှ နည်းလမ်းမျိုးစုံဖြင့် မြန်မာနိုင်ငံဘက်သို့ သယ်ဆောင်ကာ မူးယစ်ဆေးဝါးထုတ်လုပ်ကြပြီး ပြည်တွင်းပြည်ပသို့ လမ်းကြောင်းအမျိုးမျိုးဖြင့် သယ်ဆောင်ရောင်းဝယ်နေကြခြင်းဖြစ်သည်။ မြန်မာနိုင်ငံမှ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအဖြစ် အမည်ခံထားသော အဖွဲ့အစည်းအချို့၏ မူးယစ်ဆေးဝါးမှောင်ခိုထုတ်လုပ်ရောင်းဝယ်မှုများနှင့်ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့အစည်းဖြစ်သည့် UNODC အပြင် မြန်မာ့အိမ်နီးချင်းနိုင်ငံများမှ မူးယစ်ဆေးဝါးနှိမ်နင်းတိုက်ဖျက်ရေး အဖွဲ့အစည်းများ၊ အမေရိကန်နိုင်ငံမှအက်ဖ်ဘီအေ စသည့်အဖွဲ့အစည်းတို့က ကောင်းစွာသိရှိထားကြသည်။

AA ကဲ့သို့သော လက်နက်ကိုင်အဖွဲ့အစည်း၏ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအန်နန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်က ၂၀၁၇ ခုနှစ်အတွင်း ပြုစုဖြန့်ဝေခဲ့သည့် အပြီးသတ်အစီရင်ခံစာတွင် ဖော်ပြခဲ့ရာ AA သည် မူးယစ်ဆေးဝါးလုပ်ငန်းနှင့်ယှဉ်တွဲပေါ်ပေါက်လာခဲ့သည့် လက်နက်ကိုင်အဖွဲ့ဟု ဆိုရမည်ဖြစ်သည်။ ပြည်တွင်းလမ်းကြောင်းများကို ဖြတ်သန်းသယ်ဆောင်ကာ ပင်လယ်လမ်းကြောင်း၊ နယ်စပ်လမ်းကြောင်းများမှ မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်မှုတွင် ရာထူးအမျိုးမျိုးဖြင့် AA အဖွဲ့ဝင်များ ပါဝင်နေကြသည်ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ရာ သတင်းများထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်ဆောင်ရွက်နေချိန်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အမည်ခံအဖွဲ့အချို့နှင့် PDF အကြမ်းဖက်အဖွဲ့တို့က ပြည်တွင်းမငြိမ်မသက်ဖြစ်အောင် ဖန်တီးမှုနှင့်အတူ ၎င်းတို့ဆက်လက်ရှင်သန်ရပ်တည်နိုင်ရေးအတွက် မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုတို့ကို မရှက်မကြောက် ပြုလုပ်နေကြသည်။ မြန်မာနိုင်ငံတွင် ကြီးထွားလာနေသည်ဆိုသည့် မူးယစ်ဆေးဝါးပြဿနာသည် အဆိုပါသောင်းကျန်းသူတို့၏ လုပ်ရပ်ဖြစ်သည်ကို နိုင်ငံတကာ ကလည်း ကောင်းစွာသိရှိထားကြသည်။ နိုင်ငံအတွက် အဘက်ဘက်မှ ဘေးအန္တရာယ် ကျရောက်စေနိုင်သည့်မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးတွင် နိုင်ငံသူ နိုင်ငံသားတိုင်း အစွမ်းရှိသမျှ ပါဝင်ကြရပါမည့်အကြောင်း။ ။

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်ကို ဒုတိယအကြိမ်ဖြည့်စွက်ပြဋ္ဌာန်းချက် ထုတ်ပြန်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၆၁/၂၀၂၄
၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
(၂၀၂၄ ခုနှစ်၊ မတ်လ ၂၀ ရက်)

ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်ကို ဒုတိယအကြိမ်ဖြည့်စွက်ပြဋ္ဌာန်းချက် ထုတ်ပြန်ခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ပနိုင်ငံများနှင့် ကဏ္ဍအသီးသီးတွင် ပူးပေါင်းဆောင်ရွက်ရာ၌ စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များအား ဂုဏ်ပြုချီးမြှင့်နိုင်ရန်အလို့ငှာ အောက်ဖော်ပြပါ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၅ (က) တွင် "နိုင်ငံတော်သမ္မတသည် ဥပဒေနှင့်အညီ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းပြုနိုင်သည်" ဟု ပြဋ္ဌာန်းထားသဖြင့် ၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်တွင် ဖြည့်စွက်ပြဋ္ဌာန်းရခြင်း ဖြစ်ပါသည် -

(က) နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုတံဆိပ်

(၁) သီရိဧယျကျော်တံဆိပ်

(၂) သီရိသိခ်ကျော်တံဆိပ်

(ခ) နိုင်ငံတကာစစ်ဘက်ပူးပေါင်းဆောင်ရွက်မှုတံဆိပ်

(၁) သီရိသီဟကျော်တံဆိပ်

(၂) သီရိသူရကျော်တံဆိပ်

၂။ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် ချီးမြှင့်ခံထိုက်သည့် ပုဂ္ဂိုလ်များ၏ အရည်အချင်းသတ်မှတ်ချက်၊ သက်ဆိုင်ရာတံဆိပ်အသီးသီး၏ပုံသဏ္ဌာန်၊ အရွယ်အစား၊ အတိုင်းအတွာ၊ ဖဲကြိုးအရောင်အသွေး၊ တံဆိပ်ပါအမှတ်အသားများ၏ အဓိပ္ပာယ်ဖော်ဆောင်ချက်၊ အဆင့်ဆင့်ထောက်ခံတင်ပြရန်နည်းလမ်း၊ ဂုဏ်ပြုစာလွှာစသည်တို့နှင့်စပ်လျဉ်း၍ ပူးတွဲပါ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာပြဋ္ဌာန်းချက်ကို ဒုတိယအကြိမ် ဖြည့်စွက်ပြဋ္ဌာန်းချက်အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉နှင့်အညီ ထုတ်ပြန်လိုက်သည်။

(ပုံ)
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁၉ / ၂၀၂၄)
၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
(၂၀၂၄ ခုနှစ်၊ မတ်လ ၂၀ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင်ပါရှိသော "အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ကို "အလုပ်သမားဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၃။ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေ ပုဒ်မ ၇ ပုဒ်မခွဲ (c) တွင် ပါရှိသော "အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့" ဆိုသည့်စကားရပ်ကို "အလုပ်အကိုင်ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေတွင်ပါရှိသော "ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့" ဆိုသည့်စကားရပ်နှင့် ပုဒ်မ ၂၈ ပုဒ်မခွဲ (ဃ) တွင် ပါရှိသော "ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ" ဆိုသည့်စကားရပ်တို့ကို "မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့" ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၄ ခုနှစ်) ပြဋ္ဌာန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၄ ခုနှစ်)
(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂၀ /၂၀၂၄)
၁၃၈၅ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
(၂၀၂၄ ခုနှစ်၊ မတ်လ ၂၀ ရက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **အမျိုးသားအစားအသောက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၄ ခုနှစ်)** ဟု ခေါ်တွင်စေရမည်။

၂။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂၈ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၈။ မည်သူမဆို ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင်-

(က) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲ (ဃ)၊ ပုဒ်မခွဲ (c)၊ ပုဒ်မခွဲ (စ) သို့မဟုတ် ပုဒ်မခွဲ(ဆ)ပါ အစားအသောက်နှင့်သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား တစ်ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်သိန်း ၃၀ အထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ခ) ပုဒ်မခွဲ (ဇ) သို့မဟုတ် (ဈ)ပါ အစားအသောက်နှင့်သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူအား တစ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုးဖြစ်စေ၊ ကျပ်ငါးသိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်။

(ဂ) တရားရုံးသည် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးရန် သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရန် အမိန့်ချမှတ်ရမည်။"

၃။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၂၉ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၂၉။ မည်သူမဆို ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်ဆယ်နှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် ၁၀ သိန်းမှ အများဆုံး ကျပ်သိန်း ၅၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။ ထိုပြင် တရားရုံးသည် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးရန် သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရန် အမိန့်ချမှတ်ရမည်။"

၄။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၀ ပါ "ငွေဒဏ်အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းထိဖြစ်စေ" ဆိုသည့်စကားရပ်ကို "အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်သိန်း ၃၀ ထိ ငွေဒဏ်ဖြစ်စေ" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ထိုပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်" ဆိုသည့် စကားရပ်ကို "ထိုပြင် တရားရုံးသည် ပြစ်မှုနှင့်သက်ဆိုင်သည့် သက်သေခံပစ္စည်းများကို ဖျက်ဆီးရန် သို့မဟုတ် သတ်မှတ်ချက်များနှင့်အညီ စီမံခန့်ခွဲရန် အမိန့်ချမှတ်ရမည်။" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၅။ အမျိုးသားအစားအသောက်ဥပဒေ ပုဒ်မ ၃၁ ပါ "ထောင်ဒဏ် ၃ နှစ်အထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်တစ်သိန်းမှ အများဆုံး ကျပ်သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။"ဆိုသည့် စကားရပ်ကို "ငါးနှစ်ထိ ထောင်ဒဏ်တစ်မျိုးမျိုး ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ်သုံးသိန်းမှ အများဆုံး ကျပ်သိန်း ၃၀ ထိ ငွေဒဏ်လည်း ချမှတ်နိုင်သည်။" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ)
မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ПОЛИТИКА

Премьер Мьянмы Мин Аун Хлайн поздравил Путина с победой на выборах

18 Марта 2024, 08:24

Вероника Колесник

ВЫБОРЫ ВЫБОРЫ ПРЕЗИДЕНТА ВЛАДИМИР ПУТИН МЬЯНМА ПОЗДРАВЛЕНИЯ

Фото: REUTERS/Roscosmos

Премьер-министр Мьянмы Мин Аун Хлайн 18 марта тепло поздравил действующего главу РФ, самовыдвиженца Владимира Путина с убедительной победой на президентских выборах России.

«Победа Владимира Путина свидетельствует о его всенародной поддержке со стороны россиян», — указал премьер перед началом интервью первому заместителю генерального

ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသော Vladimir Vladimirovich Putin ထံသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြောင်း သတင်းဖော်ပြ

နေပြည်တော် မတ် ၂၀

ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတရွေးကောက်ပွဲကို မတ် ၁၅ ရက်မှ ၁၇ ရက်အထိ ပြုလုပ်ခဲ့ပြီး သမ္မတလောင်း ၄ ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မဲရေတွက်မှု ၁၀၀ ရာခိုင်နှုန်း ပြီးစီးချိန်တွင် Vladimir Vladimirovich Putin က ၈၇ ဒသမ ၂၈ ရာခိုင်နှုန်း၊ Nikolai Mikhailovich Kharitonov က ၄ ဒသမ ၃၁ ရာခိုင်နှုန်း၊ Vladislav Andreevich Davankov က ၃ ဒသမ ၈၅ ရာခိုင်နှုန်း၊ Leonid Eduardovich Slutsky က ၃ ဒသမ ၂၀ ရာခိုင်နှုန်း အသီးသီးရရှိခဲ့ပြီး Vladimir Vladimirovich Putin က ပြတ်သားသည့် မဲရလဒ်ဖြင့် အနိုင်ရရှိခဲ့သည်။

ထိုသို့ အနိုင်ရရှိသွားသော Vladimir Vladimirovich Putin ထံသို့ မြန်မာနိုင်ငံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ပေးပို့ခဲ့ကြသည်ဟု ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ မီဒီယာများ ဖြစ်ကြသည့် TASS သတင်းဌာန၊ Izvestiya သတင်းဌာန၊ Moscow–24 သတင်းဌာန၊ Arguments and Facts သတင်းစာ၊ Kommersant သတင်းစာ၊ Krasnaya Vesna သတင်းအေဂျင်စီနှင့် Vedomosti အင်တာနက်သတင်းစာမျက်နှာတို့၌ မတ် ၁၈ ရက်တွင် ဖော်ပြခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❍ *ကျေးဖုံးမှ*

ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ချိတ်ဆက်ညှိနှိုင်းအကောင်အထည်ဖော်

ဦးစွာ အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေး (MSME) လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းကော်မတီ၏ တတိယအကြိမ် အစည်းအဝေး၌ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်များကို သက်ဆိုင်ရာ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များနှင့် အေဂျင်စီများ ချိတ်ဆက်ညှိနှိုင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့အစည်းအဝေးသည် လုပ်ငန်းကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးဖြစ်ပြီး အစည်းအဝေးကျင်းပပြုလုပ်ရသည့် ရည်ရွယ်ချက်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ဖြစ်သည့် စိုက်ပျိုးမွေးမြူရေး အခြေခံဒေသထွက်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ထုတ်လုပ်မှုကွင်းဆက် တစ်လျှောက် ကဏ္ဍအလိုက် လိုအပ်ချက်များကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေး၊ ထုတ်ကုန်များကို ပြည်ပ ပို့ကုန်များအဖြစ် တိုးမြှင့်ထုတ်လုပ်ဆောင်ရွက်နိုင်ရေး၊ ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာခြင်းဖြင့် တစ်ဦးချင်း ဝင်ငွေတိုးလာပြီး နိုင်ငံ့စီးပွားတိုးတက်လာနိုင်ရေး၊ ဆီထွက်သီးနှံ၊ စက်မှုသီးနှံ၊ ဓနှင့်ဓန္ဓိထွက်ပစ္စည်းထုတ်ကုန်များ တိုးချဲ့ထုတ်လုပ်နိုင်ရေး၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် ပံ့ပိုးဆောင်ရွက်ပေးရမည့် ကိစ္စရပ်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးနိုင်ရန်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအေဂျင်စီများက ပြီးပြတ်အောင်ဆောင်ရွက်နိုင်ရေး တွန်းအားပေးလုပ်ဆောင်နိုင်ရန်နှင့် ရှေ့ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်နိုင်ရန်တို့အတွက် ကျင်းပရခြင်းဖြစ်ကြောင်း။

ယခုအချိန်သည် မိမိတို့နိုင်ငံ၏ စီးပွားရေး ဦးမော့လာစေရန်အတွက် တွန်းအားပေးလုပ်ဆောင်လျက်ရှိသည့်ကာလဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဦးစားပေးလုပ်ဆောင်ရမည့်လုပ်ငန်းကဏ္ဍပေါင်းများစွာရှိပြီး MSME များကို အားပေးဖြင့်တင်ခြင်းသည် အရေးပါသည့် အခန်းကဏ္ဍတစ်ခုလည်းဖြစ်ကြောင်း၊ MSME လုပ်ငန်းဆိုသည်မှာ စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်မှုမှ စ၍ ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ပါဝင်နေသော စီးပွားရေးလုပ်ငန်းများဖြစ်ပြီး အဓိက အရေးပါသည့် အခြေခံလုပ်ငန်းများဖြစ်သည့်အတွက် MSMEများကို အားပေးဖြင့်တင်ခြင်းဖြင့် နိုင်ငံ့စီးပွားကိုဖွံ့ဖြိုးတိုးတက်လာစေပြီး နိုင်ငံသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံရေးရည်မှန်းချက် (၂) ရပ်ဖြစ်သည့် "စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီစနစ် ခိုင်မာစေရေး"နှင့် "ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"၊ အမျိုးသားရေးရည်မှန်းချက်(၂)ရပ်ဖြစ်သည့် "တိုင်းပြည်သာယာဝပြောရေး" နှင့် "စားရေရိုက္ခာဖူလုံရေး" တို့ကို နိုင်ငံတော်၏ မျှော်မှန်းချက်များအဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မျှော်မှန်းချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် စီးပွားရေးဦးတည်ချက်(၃)ရပ်အပါအဝင် ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ခဲ့ကာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်

ပြည်တွင်းဒေသအသီးသီးမှာ ထွက်ရှိသည့် ကုန်ကြမ်းများကိုအသုံးပြုပြီး ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ရေး၊ ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရေးကိုလည်း လမ်းညွှန်ချက်များနှင့်အညီ ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများဖြင့် ဒေသဆိုင်ရာအေဂျင်စီများ ပေါင်းစပ်ညှိနှိုင်း၍ စိုက်ပျိုးမွေးမြူရေးအခြေခံထုတ်ကုန်များကို ကဏ္ဍလေးခုတွင် မူရင်းထုတ်ကုန်နှင့် တန်ဖိုးမြှင့်ထုတ်ကုန် စုစုပေါင်း ၆၁၂ မျိုး ပြုစုတင်ပြထားသည်ကိုလည်း တွေ့ရှိရကြောင်း၊ ဒေသထုတ်ကုန်များကို တန်ဖိုးမြှင့်အနေဖြင့် ထုတ်လုပ်နိုင်မည်ဆိုပါက ထုတ်ကုန်၏ Trade Value တန်ဖိုးတက်လာပြီး ဝင်ငွေများတိုးတက်ရရှိစေမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ပို့ကုန်အဖြစ် ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားဝင်ငွေရရှိပြီး နိုင်ငံ၏ GDP လည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် စျေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် တန်ဖိုးမြှင့်ထုတ်ကုန်ပစ္စည်းများ၏ ထုတ်လုပ်မှုကို မြှင့်တင်ခြင်းအားဖြင့် ကျေးလက်နေပြည်သူလူထုတို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့

❝ ပြည်တွင်းထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ပါက ပြည်ပသွင်းကုန်ပစ္စည်းများကို မှီခိုနေရခြင်းမှ ကင်းလွတ်နိုင်မည်ဖြစ်ပြီး ဈေးကွက်မတည်ငြိမ်မှုကိုလည်း ထိန်းကျောင်းသွားနိုင်မည်ဖြစ်၊ ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region One Product) အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်တို့မှ အဆိုပြုထားသည့် ထုတ်ကုန်အမယ် ၁၀၇ မျိုးကို Action Plan ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိ၊ အဆိုပြုထားသည့် ထုတ်ကုန်အမယ်များအနက် ဦးစားပေး ၅၅ မျိုးကိုလည်း ရွေးချယ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသအလိုက် စိုက်ပျိုးမွေးမြူရေး အခြေခံထုတ်ကုန် (Work Plan)များနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်သွားရမည် ❞

စာမျက်နှာ ၄ မှ

ပြည်တွင်းထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ပါက ပြည်ပသွင်းကုန်ပစ္စည်းများကို မှီခိုနေရခြင်းမှ ကင်းလွတ်နိုင်မည်ဖြစ်ပြီး ဈေးကွက်မတည်ငြိမ်မှုကိုလည်း ထိန်းကျောင်းသွားနိုင်မည်ဖြစ်ကြောင်း၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု (One Region One Product) အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်တို့မှ အဆိုပြုထားသည့် ထုတ်ကုန်အမယ် ၁၀၇ မျိုးကို Action Plan ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပြုထားသည့် ထုတ်ကုန်အမယ်များအနက် ဦးစားပေး ၅၇ မျိုးကိုလည်း ရွေးချယ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဒေသအလိုက် စိုက်ပျိုးမွေးမြူရေး အခြေခံထုတ်ကုန်(Work Plan) များနှင့် ချိတ်ဆက်ပြီး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်

နိုင်ငံတော်၏ စီးပွားရေးဦးတည်ချက်များနှင့် အညီ နိုင်ငံ့စီးပွားကို မြှင့်တင်ရေးအတွက် MSME လုပ်ငန်းများကို ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ရေရှည်အာမခံချက်ရှိလာအောင် အားပေးကူညီဆောင်ရွက်ပေးရန်လိုကြောင်း၊ ပြည်သူလူထုအတွက် ထုတ်ကုန်များစွာကို ဒေသအသီးသီးတွင်ရှိသည့် MSME များက ထုတ်လုပ်ပေးခြင်းအားဖြင့် နိုင်ငံ စီးပွားတိုးတက်ပြောင်းလဲအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် MSME လုပ်ငန်းများ အနေဖြင့် ပြည်တွင်းထွက်ကုန်ကြမ်းများကို အခြေခံသည့် ထုတ်ကုန်ပစ္စည်းများကို နိုင်ငံအတွင်း စား၊ ရေ၊ ရိက္ခာ ဖုလုံမှုအတွက် အဓိကထားထုတ်လုပ်စေလိုပြီး ထိုမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ထုတ်လုပ်ပြီး ပြည်ပသို့ တင်ပို့ရောင်းချနိုင်သည်အထိ ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် အသေးစား၊ အလယ်စား၊နှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်နိုင်ရေးအတွက် MSME လုပ်ငန်းရှင်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် တွေ့ဆုံပွဲ ၂၃ ကြိမ်၊ မိမိအနေဖြင့်လည်း MSME လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲ ငါးကြိမ် ပြုလုပ်ခဲ့ကြောင်း၊ တွေ့ဆုံပွဲများတွင် လုပ်ငန်းရှင်များမှ ကဏ္ဍအလိုက် လိုအပ်ချက်များ တင်ပြကြပြီး **နည်းပညာ၊ ငွေကြေးအရင်းအနှီး၊ ဈေးကွက်၊ ကုန်ကြမ်း၊ စက်ပစ္စည်းနှင့် မြေနေရာ** လိုအပ်ချက်တို့ကို တင်ပြလာသည်ကို တွေ့ရှိရကြောင်း။

ချိတ်ဆက်ပူးပေါင်းဆောင်ရွက်

တင်ပြမှုများတွင် အများအားဖြင့် မြေနေရာနှင့် ငွေကြေးအရင်းအနှီး အချက် (၂) ချက်ဖြစ်ကြောင်း၊ ဒေသထုတ်ကုန်များကို တန်ဖိုးမြှင့်ထုတ်လုပ်မှုများ ပြုလုပ်သည့်အခါ ထုတ်လုပ်မှုစွမ်းရည်တိတ်အတွက် ငွေကြေးအရင်းအနှီးက အဓိကလိုအပ်ချက်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် နိုင်ငံစီးပွားမြှင့်တင်ရေး ရန်ပုံငွေ၊ MSME ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေတို့ကို ထူထောင်ထားပြီး MSME လုပ်ငန်းများကို ငွေကြေးအရင်းအနှီးပံ့ပိုးပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME ချေးငွေ လျှောက်ထားရာတွင် လုပ်ငန်းစဉ်များကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတော်မှ ထုတ်ချေးပေးထားသော MSME ချေးငွေများကို အမှန်တကယ်လိုအပ်သည့် လုပ်ငန်းရှင်များအား ပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာအေဂျင်စီများအားလုံး ချိတ်ဆက်ပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယနေ့ခေတ် ကမ္ဘာ့စီးပွားရေးပုံစံများ အဆင့်ဆင့် ပြောင်းလဲလာမှုအပေါ် မိမိတို့နိုင်ငံရှိ MSME များ လိုက်ပါဆောင်ရွက်နိုင်ရန်အတွက် ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းမှုဆိုင်ရာ နည်းပညာများသည်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ MSME များ ဖွံ့ဖြိုးတိုးတက်မှုတွင်လည်း အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်လာသည်ကိုတွေ့ရှိရကြောင်း၊ MSME လုပ်ငန်းရှင်များအတွက် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းရေး၊ နိုင်ငံတကာစီးပွားရေးကွန်ရက်များနှင့် ချိတ်ဆက်ပေးနိုင်ရေး၊ ဒစ်ဂျစ်တယ်စွမ်းရည်များ မြှင့်တင်ပေးနိုင်ရေးတို့ကို အစီအမံများ ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ MSMEများ ဖွံ့ဖြိုးတိုးတက်လာစေရန် Incubation Centerများ တည်ထောင်ပြီး အစပျိုး စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးရန်၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပိုမိုပေါ်ပေါက်လာစေရန်နှင့် ဆန်းသစ်တီထွင်မှုနှင့် ယှဉ်ပြိုင်နိုင်မှုများ ပိုမိုအားကောင်းလာစေရန် လုပ်ငန်းကော်မတီနှင့် အေဂျင်စီအသီးသီးက လိုအပ်သည်များ ကူညီပံ့ပိုးပေးနိုင်ရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်တွင် MSME များ ရှင်သန်ရပ်တည်နိုင်ရေးအတွက် ဈေးကွက်ချိတ်ဆက်နိုင်မှုနှင့် ဈေးကွက်ဖွံ့ဖြိုးမှုတို့ကလည်း အသက်သွေးကြောကဲ့သို့ အလွန်အရေးပါသည့်အတွက် ဒေသအသီးသီးတွင် ဈေးကွက်များ၊ ကုန်စည်အဝယ်ဒိုင်များ ဖွံ့ဖြိုးလာစေရေး သက်ဆိုင်ရာအေဂျင်စီအသီးသီးက ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

ဆက်လက်အားပေးဆောင်ရွက်

ထို့ပြင် MSME လုပ်ငန်းအတွက် အဓိကလိုအပ်သည့် လူစွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျွမ်းကျင်လုပ်သားများရရှိရေးကို သက်ဆိုင်ရာ ဝန်ကြီးဌာနအသီးသီးမှ ကျွမ်းကျင်သင်တန်းများ ဆက်လက် ပြုလုပ်ပေးရမည်ဖြစ်ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှ ယနေ့အထိ သင်တန်းအမျိုးအစားပေါင်း ၃၅၀ ၊ ဖွင့်လှစ်ပြီး အကြိမ်ရေ ၄၃၉၅ ခု၊ တက်ရောက်ပြီး သင်တန်းသား စုစုပေါင်း ၉၁၈၀၇ ဦးရှိပြီး တက်ရောက်ဆဲ သင်တန်းသား စုစုပေါင်း ၃၈၆၂ ဦး ရှိကြောင်းကို တွေ့ရှိရကြောင်း၊ ဆက်လက်၍လည်း သက်ဆိုင်ရာ လုပ်ငန်းအလိုက်၊ ကဏ္ဍအလိုက် ကျွမ်းကျင်လုပ်သားများ တိုးတက်ရရှိရေးအတွက် ဆက်လက်အားပေးဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

ယခင်လုပ်ငန်းကော်မတီ အစည်းအဝေးများတွင် ဆွေးနွေးဆုံးဖြတ်ခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အလားအလာရှိသည့် ထုတ်ကုန်ပစ္စည်းများကို OROP Action Plan တွင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ MSME အားပေးမြှင့်တင်ရေးအစီအစဉ်များ၊ စက်မှုချိတ်ဆက်ဆောင်ရွက်မှုအစီအစဉ်များ၊ MSME လုပ်ငန်းရှင်များနှင့် စက်မှုဇုန်များ ချိတ်ဆက်ဆောင်ရွက်ရေးနှင့် MSME ပြပွဲ ပြိုင်ပွဲများတွင် Digital Corner များ ပါဝင်ဆောင်ရွက်နိုင်ရေးတို့ကို လုပ်ငန်းကော်မတီအဖွဲ့ဝင်များအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ အားသာချက်၊ အားနည်းချက်များကိုလည်း ယခုအစည်းအဝေးတွင် ဆွေးနွေးပေးစေလိုကြောင်း။

အလေးထားစီမံပံ့ပိုးပေးသွားရမည်

MSME များကို အားပေးမြှင့်တင်ပေးရေး ဆောင်ရွက်ရာတွင် သေချာသည့်ကုန်ကြမ်း၊ လိုအပ်သည့်သွင်းအား၊စု၊ နည်းပညာ၊ ငွေကြေးအရင်းအနှီး ထောက်ပံ့ပေးမှုနှင့် လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အခြေခံအုတ်မြစ်သဖွယ် အလေးထား စီမံပံ့ပိုးပေးသွားရမည်ဖြစ်ကြောင်း၊ လူစွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်ပေးရာတွင်လည်း MSME များ အမှန်တကယ် လိုအပ်သည့် ကျွမ်းကျင်လုပ်သားများကို TVET အစီအစဉ်များဖြင့် မွေးထုတ်ပေးခြင်းနှင့် ခေတ်နှင့်အညီ လိုအပ်လာသည့် ကျွမ်းကျင်မှုများ ဆောင်ရွက်ပေးကြမည်ဖြစ်ကြောင်း။

ခြုံငုံဆွေးနွေးရပါက မြန်မာနိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျောရိုးမှာ ထုတ်လုပ်မှုကဏ္ဍဖြစ်သည်ကို တွေ့ရကြောင်း၊ ကောင်းမွန်စွာ လည်ပတ်လျက်ရှိသည့် ကုန်ထုတ်လုပ်မှုကဏ္ဍတစ်ရပ်သည် အရည်အသွေးမြင့်မားပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချပေးနိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းကို ဖန်တီးပေးနိုင်မည် ဖြစ်သကဲ့သို့ ကုန်ထုတ်စွမ်းအားတိုးတက်မှုကိုလည်း အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း။

များစွာအထောက်အကူပြုနိုင်မည်

ကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ရေးအတွက်ကိုလည်း ကောင်းမွန်စွာ လည်ပတ်နေသည့် MSME လုပ်ငန်းများက များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်မှုအခန်းကဏ္ဍ ယခုထက် မြင့်မားတိုးတက်ရေးအတွက် တွေ့ကြုံရသည့် အားသာချက်၊ အားနည်းချက်များကို လုပ်ငန်းကော်မတီမှတစ်ဆင့် နိုင်ငံတော်အစိုးရမှ ထုတ်လုပ်မှုကဏ္ဍစီမံချက်ကို မူဝါဒမှတစ်ဆင့် စီမံချက်ရေးဆွဲနိုင်ရန်အတွက် ဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာအသင်းအဖွဲ့အစည်းများတွင်ရှိသည့် ကျွမ်းကျင်သူများနှင့် ပညာရှင်များက ထုတ်လုပ်မှုကဏ္ဍအတွက် လိုအပ်သည့် သုတေသနလုပ်ငန်းများ လုပ်ဆောင်သွားရန် လိုကြောင်း၊ ယင်းကိစ္စနှင့် စပ်လျဉ်း၍ ယခုအစည်းအဝေးတွင် ထည့်သွင်းဆွေးနွေးပေးကြစေလိုကြောင်း။

အားသွန်ခွန်စိုက်ကြိုးပမ်း

မိမိတို့နိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ဆောင်ရွက်နေသည့် နိုင်ငံဖြစ်ပြီး နိုင်ငံအတွက်လိုအပ်သည့် ထုတ်ကုန်များကို အပြည့်အဝထုတ်လုပ်နိုင်ရေး ပုဂ္ဂလိကလုပ်ငန်းများ၏ လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ ကူညီဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီများမှ မူဝါဒဆိုင်ရာ လမ်းညွှန်မှာကြားချက်များအပေါ် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဒေသဆိုင်ရာအစိုးရနှင့် အေဂျင်စီများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များက တာဝန်ခံမှု၊ တာဝန်ယူမှုတို့ဖြင့် ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်ရွက်ပြီး MSME ကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အခက်အခဲများ၊ အားနည်းချက်၊ အားသာချက်များကို လုပ်ငန်းကော်မတီနှင့် နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အချက်များကိုလည်း ထည့်သွင်းဆွေးနွေးပေးကြရန် လိုကြောင်းဖြင့် ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်က လုပ်ငန်းကော်မတီအစည်းအဝေး (၂/၂၀၂၃) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ အလုပ်သမားဝန်ကြီးဌာန

စာမျက်နှာ ၆ သို့

အသေးစား၊ အလယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ ခင်းကျင်းပြသထားသည့် ထုတ်ကုန်ပစ္စည်းများကို လိုက်လံကြည့်ရှုစဉ်။

❍ *ရှေ့ဖုံးမှ*

ထိုသို့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညို နိုင်ရန် စတင်ဖွင့်လှစ်ပေးခဲ့သည့်ရက်မှစ၍ ရဟန်း၊ရှင်လူ ဘုရားဖူးပြည်သူအများအပြား နေ့စဉ်လာရောက်ဖူးမြော်ကြည်ညိုကြရာ ယနေ့ထိ ဘုရားဖူးလာသူ ပြည်သူ ၁ ဒသမ ၅ သန်းကျော် အနက်မှ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်မှ ဆရာတော် ဥူးပညောဘာသသည် ဘုရားဖူးဦးရေ ၁ ဒသမ ၅ သန်းပြည့်မြောက်သည့် ကံထူးသူတစ်ဦးဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက် ဖူးမြော်ကြသူများအနက် ဦးရေ ၁ ဒသမ ၅ သန်းပြည့်မြောက်သူအဖြစ် လာရောက်ဖူးမြော်သည့် ဆရာတော်ဥူးပညောဘာသနှင့် ဘုရားဖူးအဖွဲ့အား ဘုရားကြီးဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ဘုရားကြီးမုခ်ဦးတွင် ကြိုဆိုနှုတ်ဆက်ကြပြီး ယာယီရှင်းလင်းဆောင်၌ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးနှင့် သာသနိကအဆောက်အဦးများ တည်ထားကိုးကွယ်မှုဆိုင်ရာများနှင့် ဦးရေ ၁ ဒသမ ၅ သန်းမြောက် ဘုရားဖူးဖြစ်လာရသည့်အကြောင်းရင်းကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် မာရဝိဇယဗုဒ္ဓဥယျာဉ်အတွင်းရှိ ကျောက်စာရုံစေတီတော်များ၊ အဂ္ဂါမိပတိသာသနာ့ဗိမာန်တော်၊ ဂန္ဓကုဋိတိုက်များ၊ မုစလိန္ဒကန်၊ နဂါးရုံဘုရား၊ မာရဝိဇယကျောင်းတော်၊ သုမङ္ဂလာဇရပ်များအား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထို့နောက် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှုအရ ဘုရားဂေါပကအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ဦးရေ ၁ ဒသမ ၅ သန်း မြောက်ဘုရားဖူးဖြစ်သည့် ဆရာတော် ဥူးပညောဘာသအား ဥာဏ်တော် ကိုးလက်မ အမြင့်ရှိသော စကျင်ကျောက်ဖြင့် ထုဆစ်ထားသည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပုံတော်တူ ဆင်းတုတော် တစ်ဆူ၊ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး (၁၂ လက်မ x ၁၈ လက်မ) မှန်ဘောင်သွင်း ဓာတ်ပုံတစ်ပုံတို့ကို အမှတ်တရမွေ့လက်ဆောင်အဖြစ် ဂုဏ်ပြုဆက်ကပ်ကြောင်း သိရှိရသည်။**(ယာပုံ)**

မာရဝိဇယရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြသူများအနက် ဦးရေ ၁ ဒသမ ၅ သန်းပြည့်မြောက်သူ ဘုရားဖူး ဆရာတော်ဥူးပညောဘာသ၏ ကြည်နူးပီတိစကားသံများကိုလည်း ယခုလို ကြားသိရပါသည်–

ဆရာတော် ဥူးပညောဘာသ တိုက်အုပ်ဆရာတော် မိုးကုတ်ဝိပဿနာ ဓနုတ်ကျောင်းတိုက် ဒလမြို့နယ် ရန်ကုန်တိုင်းဒေသကြီး

ဘုန်းဘုန်းအနေနဲ့ ဘုရားဖူးလာရင်း အမှတ်မထင် အခုလို ကံထူးခဲ့တဲ့ အတွက် အမှတ်တမဲ့ကနေ အမှတ်တရဘဝမှတ်တမ်းတစ်ခု ဖြစ်သွားခဲ့ပါတယ်။ ဘုရားကြီးကိုစပြီး အများပြည်သူ ဖူးမြော်ခွင့်ပြုလိုက်ကတည်းက ဖူးမြော်ချင်နေပေမယ့် အကြောင်းကြောင်းကြောင့် မဖူးဖြစ်ခဲ့ပါဘူး။ ဒီနေ့ဆိုရင်လည်း မနက်ပိုင်းကတည်းက လာပြီးဖူးမြော်ဖို့ စီစဉ်ထားတာပါ။ ကိစ္စလေးတစ်ခုပေါ်လာလို့ညနေပိုင်းမှပဲ ဘုရားကြီးကို အေးအေးလူလူ ဖူးမြော်မယ်ဆိုပြီး လာခဲ့တာပါ။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ပထမဆုံးအကြိမ် လာရောက်ဖူးမြော်တဲ့ အခါမှာပဲ ဘဝမှာ ပထမဆုံး အမှတ်တရဖြစ်ခဲ့တဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ အခုလို အမှတ်တရကြုံရတဲ့အတွက် ပိုပြီးတော့ရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းသာပီတိဖြစ်မိပါတယ်။ အခု လက်ရှိမှာလည်း အနယ်နယ်အရပ်ရပ်က ဘုရားဖူးပြည်သူတွေ အများအပြား လာရောက်ဖူးမြော်နေကြတာကို တွေ့ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်မိသလို နောက်နောင်မှာလည်း ဘုရားဖူးရင်း ဦးပဉ္စင်းလိုပဲ ဘဝအမှတ်တရတွေရယူနိုင်ဖို့အတွက် ဒီဘုရား ကြီးကို လာရောက်ဖူးမြော်ကြဖို့ ဖိတ်မန္တ္တကပြုလိုက်ပါတယ်။ **သတင်းစဉ်**

စာမျက်နှာ ၅ မှ

ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ ဝန်ကြီးချုပ်များက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ သို့ တင်ပြမည့်အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် လုပ်ငန်းကော်မတီဒုတိယဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများသို့ထုတ်ချေးထားသည့် ငွေကြေးဆိုင်ရာ အချက်အလက်များနှင့် ချေးငွေဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းဆွေးနွေးတင်ပြသည်။

ယင်းနောက် လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက MSME ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်များ၊ မိန့်မှတ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အစိုးရအဖွဲ့ အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းပြီး လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်သည့် ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဦးထွန်းအုံနှင့် ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းဆွေးနွေးတင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

အစည်းအဝေးအပြီးတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ခင်းကျင်းပြသထားသည့် စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ထုတ်ကုန်ပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများက (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)သို့ အောက်ဆီဂျင်ဆလင်ဒါများနှင့် ဆက်စပ်ပစ္စည်းများ ပေးအပ်လှူဒါန်း

နေပြည်တော် မတ် ၂၀

၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်မည့် (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း ၁၂ ဦးသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)နှင့် အမှတ်(၂) တပ်မတော်ဆေးရုံကြီး (ခုတင်-၁၀၀၀) တို့၌ စုပေါင်းသွေးလှူဒါန်းကြသည်။

ထောက်ပံ့ပေးအပ်

ဂုဏ်ပြုသွေးလှူဒါန်းကြသည့် သွေးလှူရှင် တပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်းများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တိုးရီ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ ပြည်ထဲရေးဝန်ကြီး

ဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာန တို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဒုတိယရဲချုပ်နှင့် ရဲအရာရှိကြီးများ၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီး ပါမောက္ခ ဒေါက်တာရဲမြင့်နှင့် တာဝန်ရှိသူများ၊ ဧရယာသီရီ မြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး (ခုတင် - ၁၀၀၀)မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစကားပြောကြားကာ သွေးလှူရှင်များကို အာဟာရဖြည့်စွက်စာများနှင့် အားဆေးများ ထောက်ပံ့ပေးအပ်ကြသည်။ **(အပေါ်ပုံ)**

ကျေးဇူးတင်စကားပြောကြား

ထိုနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀) သို့ အောက်ဆီဂျင်ဆလင်ဒါများနှင့် ဆက်စပ်ပစ္စည်း အောက်ဆီဂျင်အိုး ၁၄၈ လုံး၊ Flow Meter ၁၅၅ ခု၊ Nasal Plane ၄၉ ခု၊ Face Mask ၆၅ ခု စုစုပေါင်း တန်ဖိုးငွေကျပ် ၅၀၀၃၈၅၀၀ အားပေးအပ်လှူဒါန်းရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး(ဝဲပုံ) ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ လှူဒါန်းမှုအပေါ် ကျေးဇူးတင်စကားပြောကြားသည်။

သွေးလှူဒါန်းကြမည်

(၇၉)နှစ်မြောက် တပ်မတော်နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် စာရေးဝန်ထမ်း ၁၂၁ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြပြီး မတ် ၂၁ ရက်တွင်လည်း နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်း ၁၄၅ ဦးတို့က ဆက်လက်ဂုဏ်ပြုသွေးလှူဒါန်းကြမည်ဖြစ်ရာ စုစုပေါင်းသွေးလှူဒါန်းမှု ၂၆၆ ဦးရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မွန်ပြည်နယ်၏ လယ်ယာ သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြား

နေပြည်တော် မတ် ၂၀

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှူးရုံးအစည်းအဝေးခန်းမ၌ ဝန်ကြီးဌာန အောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ မွန်ပြည်နယ်၏လယ်ယာသားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။ **(ယာပုံ)**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မွန်ပြည်နယ်တွင် ဆန်ဖူလုံမှုရှိကြောင်း စာရင်းဇယားများအရ တွေ့ရသော်လည်း စပါးတစ်ဧကေချင်း၏ ပန်းတိုင်အထွက်ရရှိရေးကြိုးပမ်းကြရန် လိုအပ်လျက်ရှိကြောင်း၊ မျိုး၊ မြေ၊ ရေ၊ နည်းပညာများ ကူညီဖြည့်ဆည်းပေးခြင်းကို ဝန်ထမ်းများကိုယ်တိုင် ကွင်းဆင်းဆောင်ရွက်သကဲ့သို့ တောင်သူအချင်းချင်း နည်းစနစ်များ ဖြန့်ဝေခြင်း၊ အသိပညာဖလှယ်ခြင်းများဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း၊ အလားတူ ရေမြေရာသီဥတုနှင့်ကိုက်ညီသည့် ဆီထွက်သီးနှံများကို သီးထပ်သီးညှပ်တိုးချဲ့၊ စိုက်ပျိုးရန်နှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ပြည်နယ်အစိုးရ၏ကြိုးကြပ်မှု၊ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် စနစ်တကျ ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း။

ဒေသအလိုက် စားရေရိုက္ခာဖူလုံ ပိုလျှံရေး ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးထွက်ကုန်များ တိုးတက်ထုတ်လုပ်ရေးနှင့် အသားငါးကဏ္ဍဖွံ့ဖြိုးရေးကို တစ်ပြိုင်တည်း ဆောင်ရွက်ရန်၊ ဒေသနေပြည်သူများ၏ စားသုံးမှုကို ဖူလုံပိုလျှံသော ထုတ်လုပ်မှုဖြစ်စေရေး ဘဏ္ဍာနှစ်အလိုက် တိုးမြှင့်ဆောင်ရွက်ပြီး လယ်ယာသားငါးကုန်ထုတ်လုပ်မှုကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSMEs) လုပ်ငန်းများဖွံ့ဖြိုးရေးကို ပိုင်းဝန်းပံ့ပိုးကြိုးပမ်းကြရန်၊ ဒေသတစ်ခုချင်းစီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်က စီမံဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၊ လုပ်ငန်းများအတွက် အရေးပါသည့်စာရင်းဇယားများ မှန်ကန်စွာကောက်ခံတင်ပြနိုင်ရေး တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် တည်ဆဲဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ စည်းမျဉ်းစည်းကမ်းအမိန့်နှင့် ညွှန်ကြားချက်များကို လေးစားလိုက်နာပြီး ကျင့်ဝတ်သိက္ခာနှင့် လျော်ညီစွာ ကျင့်ကြံနေထိုင်ကြရန် ဆွေးနွေးမှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

သတင်းစဉ်

Gender, CEDAW, NSPAW ဆိုင်ရာအသိပညာပေးခြင်းအခမ်းအနား ကျင်းပ

ပဲခူး မတ် ၂၀

ပဲခူးတိုင်းဒေသကြီး အမျိုးသမီးကော်မတီမှ ကြီးမှူးရှေ့ကျား/မ ရေးရာ အခြေခံသဘောတရားများ (Gender)၊ အမျိုးသမီးများအားခွဲခြားမှုပယျောက်ရေးဆိုင်ရာ ကုလသမဂ္ဂ ကွန်ဗင်းရှင်း (CEDAW)နှင့် အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက် (NSPAW) တို့အား အသိပညာပေးခြင်းအခမ်းအနားကို မတ်၂၀ ရက် မွန်းလွဲပိုင်းက ပဲခူးမြို့ အမှတ်(၉)အခြေခံပညာအထက်ကျောင်း၌ ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးအမျိုးသမီးကော်မတီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်က ကုလသမဂ္ဂလူ့အခွင့်အရေး ကြေညာစာတမ်းတွင်လည်း လူသားအားလုံးဟာ ဂုဏ်သိက္ခာနှင့် အခွင့်အရေးတို့တွင် လွတ်လပ်စွာနှင့် တန်းတူညီမျှစွာ မွေးဖွားလာသူများဖြစ်သည်ဟု ဖော်ပြထားကြောင်း။ နိုင်ငံတော်အနေဖြင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဒေသဆိုင်ရာ ကော်မတီများဟူ၍ အဆင့်ဆင့်ဖွဲ့စည်းကာ အမျိုးသမီးများအရေးကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်း၌လည်း တိုင်းဒေသကြီး၊ ခရိုင် ခြောက်ခရိုင်နှင့် မြို့နယ် ၂၈ မြို့နယ်တို့တွင် အမျိုးသမီးကော်မတီများဖွဲ့စည်းပြီး အမျိုးသမီးများအရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားပြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းအောင်က ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သန္တာက ကျား/မရေးရာ အခြေခံသဘောတရားများအကြောင်း (Gender)နှင့်ပတ်သက်၍ လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဝါဝါဝင်းကျော်က အမျိုးသမီးများအား ခွဲခြားမှုပယျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်ရှင်း (CEDAW)နှင့်ပတ်သက်၍ လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်သန္တာထွေးက အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး

ဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်(NSPAW)နှင့်ပတ်သက်၍ လည်းကောင်း အသိပညာပေး ပြောကြားကြသည်။ ယင်းနောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ ကော်မတီဝင်များက ပြန်လည်ဖြေကြားပေးကြောင်း သိရသည်။

သက်ထက်

ယနေ့အချိန်အခါတွင် သတင်းတု၊ သတင်းမှားနှင့်ပတ်သက်ပြီး အရေးကြီးသည့်အချိန်အခါသို့ ရောက်ရှိနေသည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် ဆိုရှယ်မီဒီယာပေါ်မှ သတင်းအမှားများကို ဝေဖန်ပိုင်းခြားတတ်ကြရန်လို

ရန်ကုန် မတ် ၂၀

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ်ရှိ သူနာပြုတက္ကသိုလ် (ရန်ကုန်)၌ကျင်းပသည့် ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွယ် တက္ကသိုလ်များနှင့် သူနာပြု၊ သားဖွား သင်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား "တားဆီးကာကွယ် မီဒီယာအဆိပ်သင့်မှု အန္တရာယ်" နှင့် "နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏ အခန်းကဏ္ဍ" ဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေး ပြောကြားသည်။

တက်ရောက်

ဆွေးနွေးပွဲသို့ ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွယ်တက္ကသိုလ်များ၊ သူနာပြုသားဖွားသင်တန်းကျောင်းများမှ ပါမောက္ခချုပ်များနှင့် ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ "တားဆီးကာကွယ် မီဒီယာအဆိပ်သင့်မှုအန္တရာယ်" နှင့် "နိုင်ငံတော်တည်ဆောက်ရေးနှင့် မီဒီယာ၏ အခန်းကဏ္ဍ" မှတ်တမ်းဗီဒီယိုတို့ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးပြောကြားရာတွင် ယနေ့ဆွေးနွေးပွဲမှ ကျောင်းသား ကျောင်းသူများ၏ အနာဂတ်လျှောက်လှမ်းရမည့် ဘဝအတွက် အသိအမြင်ကောင်းများ ရရှိစေလိုကြောင်း၊ ယနေ့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများသည် မကြာမီဆေးပညာနယ်ပယ်ရပ်ဌ နိုင်ငံ့တာဝန်ထမ်းဆောင်ကြရမည့်သူများဖြစ်သည့်အတွက် သတင်းတု၊ သတင်းမှားကို ခွဲခြားဆန်းစစ်နိုင်ကြစေလိုကြောင်း၊ နိုင်ငံတော်တည်ဆောက်ရေးတွင် မီဒီယာ၏အခန်းကဏ္ဍသည်လွန်စွာအရေးကြီးပါကြောင်း၊ ယနေ့အချိန်အခါတွင် သတင်းတု၊ သတင်းမှားနှင့် ပတ်သက်ပြီး အရေးကြီးသည့် အချိန်အခါသို့ ရောက်ရှိနေသည့်အတွက် ကျောင်းသား ကျောင်းသူများအနေဖြင့် ဆိုရှယ်မီဒီယာပေါ်မှ သတင်းအမှားများကို ဝေဖန်ပိုင်းခြားတတ်ကြရန်လိုအပ်ကြောင်း၊ အရာရာကို ဦးနှောက်ဖြင့် ချင့်ချိန်စဉ်းစားရန်လိုကြောင်း၊ ယနေ့ ဖြစ်ပေါ်နေသည့်အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ သတင်းအဆိပ်သင့်မှုအန္တရာယ်သည် မိမိတို့၏ နေ့စဉ် လူမှုဘဝများစွာကို သက်ရောက်ကြောင်း၊ သတင်းအမှားများကို နားယောင်ပြီး ဆုံးဖြတ်ချက်အမှား၊ ရည်ရွယ်ချက်အမှား၊ စေတနာအမှား စသည့်အမှားများစွာ ဖြစ်ပေါ်လာနိုင်ပါကြောင်း၊ ယနေ့ လူငယ်၊ လူရွယ်များအနေဖြင့် သတင်းအမှားများကို ဆင်ခြင်သိ၊ တွေးတောသိဖြင့် ကြိုတင်တားဆီးကာကွယ်နိုင်ရမည်ဖြစ်ပါကြောင်း။

စေတနာထားဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် အနေဖြင့် ပညာရေးကို အလေးထားပါကြောင်း၊ ယနေ့ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများသည် ပြည်သူများ၏အသက်ကို စောင့်ရှောက်ကြမည့်သူများဖြစ်ပြီး အရည်အချင်းနှင့် အသိဉာဏ်မြင့်မားသူများဖြစ်၍ တန်ဖိုးထားလေးစားပါကြောင်း၊ အနာဂတ်တွင် မိမိတို့ တတ်ကျွမ်းသည့် ပညာရပ်များဖြင့် ပြည်သူနှင့် နိုင်ငံတော်အတွက် စေတနာထား ဆောင်ရွက်သွားကြစေလိုပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည့် နည်းပညာရပ်များကို မျက်ခြည်မပြတ်ရန် လိုအပ်ပါကြောင်း၊ ထိုသို့ဖြစ်ရန်အတွက် သတင်းအချက်အလက်အမှန်များ သိရှိရန်လိုအပ်ပါကြောင်း။

သေချာဆန်းစစ်ရန်လို

အနာဂတ်နိုင်ငံတော်ကို ပံ့ပိုးပြောင်း တာဝန်ထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်၏ရတနာများ ဖြစ်သည့်အတွက် သတင်းမီဒီယာ၏တန်ဖိုးကို သိရှိနားလည်ပြီး နေ့စဉ်လူမှုဘဝကို အကျိုးရှိအောင် ဆောင်ရွက်နိုင်ကြပါစေကြောင်း၊ လတ်တလောတွင် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ၊ ကောလာဟလများကို သေချာဆန်းစစ်ရန် လိုပါကြောင်း၊ မှန်ကန်သော သတင်းအချက်အလက်များကို အမြဲမပြတ်၊ မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာ၍ စိုးရိမ်ပူပန်မှု မရှိကြစေလိုကြောင်း၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိပါကြောင်း၊ နိုင်ငံတော်ကိုကာကွယ်ရန် ကိုယ်တတ်စွမ်းသည့် ကဏ္ဍအလိုက် အလှည့်ကျဖြင့် နိုင်ငံ့တာဝန်ကို ပေါ့ပါးစွာထမ်းဆောင်ရမည်ဖြစ်ပါကြောင်း၊ တည်ငြိမ်အေးချမ်းသည့် နိုင်ငံအဖြစ်ဖြတ်သန်းနိုင်ရန် မိမိတို့အားလုံး စိတ်တူကိုယ်တူဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပိုင်းဝန်းပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြစေလိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ပြည်ထောင်စု ဝန်ကြီးနှင့် ပါမောက္ခချုပ်များ၊ ဒုတိယ ပါမောက္ခချုပ်များ၊ ပါမောက္ခများက တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ အတွက် DTH စလောင်းငါးစုံနှင့် MRTV Set- top Box အလုံး ၁၀၀ တို့ကို ကံစမ်းမဲဖောက်ပေးပြီး ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွယ် တက္ကသိုလ်များ၊ သူနာပြု/သားဖွား သင်တန်းကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးတက္ကသိုလ်များ၊ ဆေးပညာနှီးနွယ် တက္ကသိုလ်များ၊ သူနာပြုသားဖွားသင်တန်းကျောင်းများမှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ဆွေးနွေးပွဲသို့ ဆေးတက္ကသိုလ် (၁) (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူ ၁၀၀၊ ဆေးတက္ကသိုလ် (၂) (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူ ၁၀၀၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ် (ရန်ကုန်) မှ ကျောင်းသား ကျောင်းသူ ၂၀၊ သွားဘက်ဆိုင်ရာ တက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူ ၅၀၊ ဆေးဝါးတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူ ၅၀၊ ဆေးဘက်ဆိုင်ရာ နည်းပညာတက္ကသိုလ် (ရန်ကုန်) မှ ကျောင်းသား ကျောင်းသူ ၅၀၊ သူနာပြုတက္ကသိုလ် (ရန်ကုန်) မှ ကျောင်းသား ကျောင်းသူ ၅၀၊ ရန်ကုန်သူနာပြုသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၅ ဦး၊ ရန်ကုန်အရှေ့ပိုင်း သူနာပြုသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၅ ဦး၊ မြောက်ဥက္ကလာပ သူနာပြုသင်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၂၅ ဦးနှင့် ဗဟိုသားဖွားသင်တန်းကျောင်း (ရန်ကုန်) မှ ကျောင်းသား ကျောင်းသူ ၂၅ ဦး စုစုပေါင်းကျောင်းသား ကျောင်းသူ ၅၂၀ တက်ရောက်ခဲ့ကြသည်။

သတင်းစဉ်

ထန်းတပင်မြို့နယ်တရားရုံး အဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် မတ် ၂၀

၂၀၂၄ ခုနှစ် မတ် ၂၇ ရက်တွင် ကျရောက်သော (၇၉)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တရားရုံး အဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ထန်းတပင်မြို့နယ် အမှတ်(၂၅၇) ဘုရင့်နောင်လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့် အမှတ်(၂)ရပ်ကွက်ရှိ အဆိုပါရုံးနေရာ၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်တို့က ထန်းတပင်မြို့နယ် တရားရုံးအဆောက်အဦသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မြို့နယ်တရားရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကာ ကမ္ဘည်းမော်ကွန်းအား အမွေးနုံ့သာရည်ပက်ဖျန်းကြသည်။

ထို့နောက် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူက အဆောက်အဦနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ထန်းတပင်မြို့နယ် တရားရုံးမြို့နယ် တရားသူကြီး ဦးသန့်ဇင်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အဆောက်အဦအသစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။ **အောင်မြင့်(ပြန်/ဆက်)**

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရေးအတွက် အစိုးရ - ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၂၀

ခရီးသွားလုပ်ငန်းကော်မတီ၏ (၁/၂၀၂၄) ကြိမ်မြောက် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ အမျိုးသားခရီးသွား လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ခရီးသွားလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ကော်မတီဝင်များ၊ ခရီးသွားလုပ်ငန်း တတ်သိပညာရှင်များနှင့် ပုဂ္ဂလိကခရီးသွား အဖွဲ့အစည်းကိုယ်စားလှယ်များ၊ နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးခွဲများမှ ရုံးခွဲတာဝန်ခံများ တက်ရောက်ကြသည်။

ခရီးသည်ဝင်ရောက်မှုတိုးတက်လာ

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်လာရေးအတွက် အစိုးရ–ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စာရင်းဇယားများအရ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှု ပြန်လည်တိုးတက်လာသကဲ့သို့ ပြည်တွင်းခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်ကို တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကခရီးသွား ဈေးကွက်ဝင်နိုင်ငံများကို ပြည်ဝင်ဗီဇာဖြေလျှော့ပေးခြင်းဆိုင်ရာ ကိစ္စရပ်များကို ၂၀၂၃ ခုနှစ် နှစ်လယ်မှစ၍ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးခဲ့သည့်အတွက် ၂၀၂၂ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တိုးတက်ဝင်ရောက်ခဲ့သည်ကို တွေ့ရှိရကြောင်း။

ခရီးသွားဧည့်သည်များ တိုးတက်ဝင်ရောက်လာသည်နှင့်အမျှ ခရီးစဉ်ဒေသအလိုက် ဈေးကွက်၏ လိုအပ်ချက်နှင့်ဖြည့်တင်းပေးနိုင်မှု အခြေအနေများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို စနစ်တကျ စီမံခန့်ခွဲရန်လိုအပ်ပါကြောင်း၊ ပြည်ပနိုင်ငံများနှင့် ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် နိုင်ငံတကာအစည်းအဝေးများ၊ ခရီးသွားပြပွဲများသို့ ပါဝင်တက်ရောက်လျက်ရှိပြီး မြန်မာနိုင်ငံအနေဖြင့် အာဆီယံခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေး၏ ဒုတိယဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသခံတို့၏ လူမှုစီးပွားဘဝများ တိုးတက်လာရေးအတွက် အားလုံးပိုင်းဝန်း ကြိုးစားပေးကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆွေးနွေးတင်ပြ

ထို့နောက် ကော်မတီအတွင်းရေးမှူး ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှူးဦးစီးဌာန ညွှန်ကြားရေးမှူး ချုပ်က ခရီးသွားလုပ်ငန်းကော်မတီ (၂/၂၀၂၃) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် အမှာစာများကို ဖတ်ကြားတင်ပြပြီး ကော်မတီဝင်များက သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်မှုများ၊ ခရီးသွားဧည့်သည် ဝင်ရောက်မှုနှင့် လိုင်စင်ထုတ်ပေးထားရှိမှု အခြေအနေများ၊ ခရီးစဉ်ဒေသများနှင့် ခရီးသွား ဆွဲဆောင်ရာနေရာများ ဖော်ထုတ်ထားရှိမှုအခြေအနေများ၊ ခရီးစဉ်ဒေသ ဖွံ့ဖြိုးရေးအတွက် ခရီးသွားဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးနိုင်မှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ အမြတမ်းအတွင်းဝန်နှင့် အဆင့်မြင့် အရာရှိကြီးများက ခရီးသွား ဈေးကွက်ဝင်နိုင်ငံများမှ ခရီးသွားဧည့်သည်များ ပိုမိုဝင်ရောက်လာရေးနှင့် ခရီးသွားမြှင့်တင်ကြေငြာရေးဆိုင်ရာ ကိစ္စရပ်များ၊ ဟိုတယ်နှင့် ခရီးသွားကဏ္ဍအတွင်း လူငယ်အားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပင်လယ်ကမ်းရိုးတန်း သယံဇာတများ မပျက်စီးစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် တွေ့ဆုံ

မော်လမြိုင် မတ် ၂၀

တိုင်းရင်းသားလူမျိုးများ ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးခင်မောင်ဦး၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက မော်လမြိုင်မြို့ရှိ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံး၌ မွန်ပြည်နယ်အတွင်းရှိ တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ပေါင်းစပ်ဆောင်ရွက်ပေး

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တိုင်းဒေသကြီး/ပြည်နယ်များတွင် တိုင်းရင်းသားဘာသာစာပေ သင်ကြားမှုကို ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ အသင်းအဖွဲ့ မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေနှင့် အညီ စနစ်တကျ မှတ်ပုံတင်နိုင်ရေးနှင့် တိုင်းရင်းသားများအတွက် တိုက်ရိုက် အကျိုးခံစားစေမည့် လုပ်ငန်းများကို ဥပဒေနှင့်အညီ စီစစ် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းရင်းသားဒေသများတွင် စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများတွင် ဆောင်ရွက်မည့်လုပ်ငန်းများ တွင်လည်း တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း စဉ်လာအရ သက်ဆိုင်သည့် မြေများ ပါဝင်မှုရှိ/မရှိ အချိန်နှင့် တစ်ပြေးညီ ကွင်းဆင်းစိစစ်ပြီး ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ စီမံခန့်ခွဲမှု ဗဟိုကော်မတီသို့ သဘောထားမှတ်ချက်များ ပြန်ကြား ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဝန်ကြီးဌာန၏ အဓိက လုပ်ငန်းဖြစ်သည့် တိုင်းရင်းသားရေးရာနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် တိုင်းရင်းသားအချင်းချင်း (သို့မဟုတ်) တိုင်းရင်းသားလူမျိုးများအကြား ဖြစ်ပွားသည့် အငြင်းပွားမှုများကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီးများထံ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တာဝန်ခွဲဝေ အပ်နှင်းထားပြီးဖြစ်ကြောင်း၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှု အသင်းအဖွဲ့များ အနေဖြင့် မိမိတို့၏ တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်စွာ တင်ပြဆောင်ရွက်နိုင်ပါကြောင်း ပြောကြားသည်။

ကြိုးစားဆောင်ရွက်

ထို့နောက် ဒုတိယဝန်ကြီးက တိုင်းရင်းသားစည်းလုံးညီညွတ်ရေးသည် အလွန်အရေးကြီးကြောင်း၊ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှ တိုင်းပြည်ငြိမ်းချမ်းသာယာမည်ဖြစ်ပြီး တိုင်းပြည်ငြိမ်းချမ်းသာယာမှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည် ဖြစ်ပါကြောင်း၊ မွန်ပြည်နယ်သည် ရေခံ၊ မြေခံ ကောင်းမွန်သည့်အတွက် တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များအနေဖြင့် နိုင်ငံတော်နှင့် မိမိတို့ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးကဇူးမှ အစွမ်းကုန် ကြိုးစားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် မွန်ပြည်နယ် အစိုးရအဖွဲ့ဝင်တိုင်းရင်းသားရေးရာ ဝန်ကြီးက မွန်ပြည်နယ်အတွင်း တိုင်းရင်းသားရေးရာ ကိစ္စရပ်များ နှင့် တိုင်းဒေသအတွင်း ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များက တိုင်းရင်းသားရေးရာ ကိစ္စရပ်များ၊ ဒေသဖွံ့ဖြိုးရေးကိစ္စရပ်များနှင့်ပတ်သက်၍ အထွေထွေ ဆွေးနွေးတင်ပြကြရာ တိုင်းရင်းသား အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေး ဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးမင်းအေးကို က ဖြည့်စွက်ရှင်းလင်း ဆွေးနွေးကာ ဆွေးနွေးတင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လိုအပ်သည်များ ပေါင်းစပ် ညှိနှိုင်းပေးကြသည်။

ဆက်လက်၍ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုဆိုင်ရာကိစ္စရပ်များ ပိုမိုထိန်းသိမ်းမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ မွန်ပြည်နယ် အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးနှင့် ပြည်နယ်ဥပဒေချုပ်တို့က မွန်၊ ကရင်၊ ဗမာနှင့် ပအိုဝ်းတိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များအား တစ်ဖွဲ့လျှင် ထောက်ပံ့ငွေကျပ် ငါးသိန်းစီ ပေးအပ်ထောက်ပံ့သည်။

ထို့နောက် ခေတ်အဆက်ဆက် မွန်တိုင်းရင်းသားရိုးရာ ဝတ်စားဆင်ယင်မှု ဝတ်စုံများ ဝယ်ယူ ထိန်းသိမ်းရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့သည့် ကုမ္ပဏီများကို ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

၂၀၂၆ ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် မြန်မာနှင့် ဆီးရီးယား သုဝဏ္ဏကွင်း၌ ယနေ့ကစားမည်

ရန်ကုန် မတ် ၂၀

၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့် ခြေစစ်ပွဲအဖြစ် မြန်မာ့လက်ရွေးစင်အသင်းသည် ဆီးရီးယားလက်ရွေးစင်အသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် ဆီးရီးယားအသင်းတို့သည် မတ် ၂၁ ရက် (ယနေ့) ညနေ ၆ နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်သည်။

ကမ္ဘာ့ဖလားအာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ အုပ်စုတတိယပွဲစဉ်များကို မတ် ၂၁ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အိမ်ကွင်းကစားရမည်ဖြစ်သည်။

အုပ်စု (ခ) တွင် နှစ်ပွဲကစားအပြီးတွင် ဂျပန်အသင်းက ခြောက်မှတ်၊ မြောက်ကိုရီးယားနှင့် ဆီးရီးယားအသင်းတို့က သုံးမှတ်စီရရှိထားကာ မြန်မာအသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် ဒုတိယမြောက် အိမ်ကွင်းပွဲအဖြစ် ဆီးရီးယားအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး ရမှတ်ရယူနိုင်မည့် အခွင့်အရေးဖြစ်နေသည်။ မြန်မာအသင်းသည် ဂျပန်အသင်းကို အဝေးကွင်း၌ ငါးဂိုးပြတ်၊ မြောက်ကိုရီးယားအသင်းကို အိမ်ကွင်း၌ ခြောက်ဂိုး – တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည်။ ဆီးရီးယားအသင်းမှာမူ အိမ်ကွင်း နှစ်ပွဲဆက်တိုက်ကစားထားပြီး မြောက်ကိုရီးယားအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရထားသော်လည်း ဂျပန်အသင်းကို ငါးဂိုးပြတ်အရေးနိမ့်ခံထားသည်။

ရဲရင့်လွင်

တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုအကျိုးကို တပ်မတော်နှင့်အတူ ညီညာစွာ သယ်ပိုးထမ်းဆောင်ကြပါစို့

– – – ကိုရေချမ်း – – –

*** တပ်မတော်သည် နိုင်ငံတော်၏သမိုင်းအစဉ်အလာကို ထိန်းသိမ်းရင်း အခြားတစ်ဖက်၌ နိုင်ငံတော်ကို အစဉ်ခြိမ်းခြောက်နေသော ပြည်ပအင်အားကြီး နိုင်ငံကြီးတို့၏ ဝင်ရောက်စွက်ဖက်မှု၊ အမျိုးသားသစ္စာဖောက်များ၏ တိုက်ခိုက်ဖျက်ဆီးမှုများကို အစဉ်သတိထား ကာကွယ်လျက် ရှိပါသည်။ တပ်မတော်နှင့်အတူ စည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲနိုင်ပါမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေများ ဆုံးရှုံးပျက်စီးမှု ရှိမည်မဟုတ်ပါ။ ပျက်စီးဆုံးရှုံးမှုမရှိအောင် ပြင်ဆင်ထားကြရပေလိမ့်မည်။ လွတ်လပ်ရေးရပြီးကာလ သမိုင်းကြောင်းတစ်လျှောက် ၁၉၄၉-၁၉၅၀ ကာလ၊ ၁၉၆၁-၁၉၆၂ ကာလ၊ ၁၉၈၈-၁၉၈၉ ကာလကဲ့သို့ ပြည်ထောင်စုကြီးပြိုကွဲတော့မည့် အရေးမျိုးထပ်မံမဖြစ်ပေါ်လာအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်**

နိုင်ငံတစ်ဝန်းရှိ အရွယ်ရောက်သူ အများပြည်သူတို့သည် အခြေခံပညာကျောင်းနေစဉ်က နိုင်ငံတော်သီချင်းကို အားလုံးသီဆိုခဲ့ကြပါသည်။

"ကမ္ဘာမကျေ မြန်မာပြည်၊ တို့ဘိုးဘွားအမွေစစ်မို့၊ ချစ်မြတ်နိုးပေ။ ပြည်ထောင်စုကို အသက်ပေးလို့ တို့ကာကွယ်မလေ၊ ဒါတို့ပြည် ဒါတို့မြေ တို့ပိုင်နက်မြေ။ တို့ပြည်တို့မြေအကျိုးကို ညီညာစွာ တို့တစ်တွေ ထမ်းဆောင်ပါစို့လေ တို့တာဝန်ပေ အဖိုးတန်မြေ။"

ဤသီချင်းသည် မြန်မာနိုင်ငံ၏ နိုင်ငံတော်သီချင်း ဖြစ်သည်။ ဤသီချင်းကို ပိုင်အမ်ဘီ ဆရာတင် ခေါ် သခင်တင်ရေးစပ်သီကုံးခဲ့သည်။ လွတ်လပ်ရေးမရမီ ၁၉၄၇ ခုနှစ် စက်တင်ဘာလ ၂၂ရက်နေ့တွင် တိုင်းပြု ပြည်ပြုလွတ်တော် တတိယညီလာခံ ဆဋ္ဌမမြောက် အစည်းအဝေးတွင် "ကမ္ဘာမကျေ" သီချင်းကို နိုင်ငံတော်သီချင်းအဖြစ် အတည်ပြုသတ်မှတ်ခဲ့သည်။ ယနေ့ထက်တိုင် နိုင်ငံတော်အခမ်းအနားများ၊ အားကစားအောင်ပွဲများ၊ ကျောင်းများ၊ လူထုအဖွဲ့အစည်းများတွင် ရေးဦးဂုဏ်ပြု သီဆိုလေ့ရှိသည်။

ကမ္ဘာတည်သရွေ့

ကမ္ဘာမကျေဆိုသည့်သီချင်း၏ "ကမ္ဘာ" ဆိုသည်မှာ ကမ္ဘာမြေကြီးကို ဆိုလိုခြင်းမဟုတ်၊ "မကျေ"ဆိုသည်မှာ မကျေနပ်ခြင်းကို ဆိုလိုခြင်းမဟုတ်၊ အချိန်ကာလ ကမ္ဘာပေါင်းများစွာ ကြာသော်လည်း မကျေမပျက်၊ မပျက်မစီးဘဲ တည်ရှိနေခြင်းကို ဆိုလိုခြင်းဖြစ်သည်။ ဆရာကြီး သခင်ဘသောင်းက "ယူဇနာ နှစ်သိန်းလေးသောင်း အထုရှိသည့် ဤကမ္ဘာမြေကြီး ကျေပျက်မသွားသမျှ ကာလပတ်လုံး မြန်မာပြည်သည် ငါတို့ပိုင်သည့်ပြည် ဖြစ်သည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုခဲ့သည်။ ဤမြန်မာပြည် မြန်မာနယ်နိမိတ်မြေပုံသည် နှစ်ပေါင်းထောင်ချီ မပျက်စီး ယနေ့ထက်တိုင် အဓွန့်ရှည် တည်တံ့လျက်ရှိသည်။ ကမ္ဘာမြေကြီး မပျက်စီးသရွေ့၊ ကမ္ဘာကြီး တည်ထွန်းသရွေ့ ဆက်လက်တည်တံ့နေမည်ဖြစ်သည်။

ဤသီချင်းကို သီဆိုလိုက်တိုင်း မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားအားမာန်၊ တိုင်းပြည်ချစ်စိတ်များ တဖွားဖွား ဖြစ်ပေါ်လာသည်။ တစ်မျိုးသားလုံးစုရုံးညီညာ စိတ်ဓာတ်အားခွန်များ နိုးကြားလာသည်။ အသည်းဘဝင်အူလှိုက် တလှိုက်လှိုက် တက်လာသော ဇာတိမာန်စိတ်ဟု ဆိုရမည်ဖြစ်သည်။ ဤသီချင်းကို တစ်မျိုးသားလုံး တစ်တိုင်းပြည်လုံး သီကြွေးဟစ်ဆိုကြမည်ဆိုလျှင် အထက်ဘဝဂိသို့တိုင် သိမ့်သိမ့်တုန်ဟည်းပြီး တစုတစည်းတည်းသော လူမျိုး၊ တပေါင်းတစုတည်း သောနိုင်ငံကြီးအလား ခံစားရသည်။ သို့မဟုတ်ကြောင့် အဖိုးတန် တို့ပြည် တို့မြေကြီးကို တန်ဖိုးထားကြရပေမည်၊ ချစ်မြတ်နိုးရပေမည်။ တို့ပြည်ထောင်စုကြီးအကျိုးကို ညီညာစွာသယ်ပိုး ထမ်းဆောင်ကြရမည်ဖြစ်ပါသည်။

သမိုင်းပေးတာဝန်

ဤနိုင်ငံတော်သီချင်းဖြင့် ကျွန်ုပ်တို့ အားလုံး သန္ဓိဋ္ဌာန်ပြုခဲ့ကြသည့်အတိုင်း ဘိုးဘွားအမွေအစစ် ဤပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို ကျွန်ုပ်တို့အားလုံး ချစ်မြတ်နိုးကြရပေမည်။ ချစ်မြတ်နိုးကြသည့်အတိုင်း ဤပြည်ထောင်စုကြီး မပြိုကွဲမပျက်စီးအောင် အသက်ပေးရ၍ ကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်သည်။ ပြည်ထောင်စုကြီးကို ပြိုကွဲပျက်စီးအောင် ဖန်တီးသူမှန်သမျှကို တိုက်ဖျက်ကြရပေမည်။ ပြည်ထောင်စုကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရပေမည်။ ဤတာဝန်များကို တပ်မတော်သည် သမိုင်းပေးတာဝန်အဖြစ် ကျေပွန်စွာ ထမ်းရွက်လျက်ရှိသည်။ အဖိုးအနဂ္ဃထိုက်တန်သည့် တန်ဖိုးကြီးမားသော ကျွန်ုပ်တို့ပိုင်နက်နယ်မြေနှင့် တိုင်းပြည်အကျိုးကို တပ်မတော်နှင့်အတူ ညီညာစွာ ထမ်းဆောင်ကြဖို့ ကာကွယ်စောင့်ရှောက်ကြရေးသည်လည်း ကျွန်ုပ်တို့အားလုံး၏ သမိုင်းပေးတာဝန်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ဖြတ်သန်းလာခဲ့သော သမိုင်းကြောင်းတစ်လျှောက်တွင် ပြည်တွင်းရန်၊ ပြည်ပရန် အန္တရာယ်များစွာ တို့ကို တစ်တိုင်းပြည်လုံး ကြုံတွေ့ခဲ့ရသည့် အခြေအနေရှိခဲ့ဖူးသည်။ လွတ်လပ်ရေးရရှိပြီးချိန်က ပြည်တွင်းသောင်းကျန်းမှု အန္တရာယ်ကြောင့် တစ်တိုင်းပြည်လုံး မီးဟုန်းဟုန်းတောက်လောင်ပြီး ပြိုကွဲပျက်စီးရတော့မည့် အခြေအနေသို့ ရောက်ရှိခဲ့ဖူးသည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင်လည်း ပြည်တွင်းရန်၊ ပြည်ပရန် အန္တရာယ်မျိုးစုံတို့ဖြင့် တစ်တိုင်းပြည်လုံး ပြိုလဲတော့မည့် အခြေအနေသို့ ရောက်ခဲ့ဖူးပါသည်။ သို့သော် တပ်မတော်သည် မဆုတ်မနှစ် သက်စွန့်ကြိုးပမ်း၍ ပြည်ထောင်စုကြီးကို ကာကွယ်စောင့်ရှောက်ခဲ့သောကြောင့် အန္တရာယ်များမှ လွတ်မြောက်ခဲ့ပါသည်။ ပြည်ထောင်စုကြီးမပြိုမကွဲ အခွန်ရှည် တည်တံ့ ခိုင်မြဲလျက်ရှိပါသည်။

ထိန်းသိမ်းကာကွယ်

တပ်မတော်သည် နိုင်ငံတော်၏ သမိုင်းအစဉ်အလာကို ထိန်းသိမ်းရင်း အခြားတစ်ဖက်၌ နိုင်ငံတော်ကို အစဉ်ခြိမ်းခြောက်နေသော ပြည်ပအင်အားကြီး နိုင်ငံကြီးတို့၏ ဝင်ရောက်စွက်ဖက်မှု၊ အမျိုးသားသစ္စာဖောက်များ၏ တိုက်ခိုက်ဖျက်ဆီးမှုများကို အစဉ်သတိထား ကာကွယ်လျက်ရှိပါသည်။ တပ်မတော်နှင့် အတူ စည်းလုံးညီညွတ်စွာ ပူးပေါင်းလက်တွဲနိုင်ပါမှ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေများ ဆုံးရှုံးပျက်စီးမှု ရှိမည်မဟုတ်ပါ။ ပျက်စီးဆုံးရှုံးမှုမရှိအောင် ပြင်ဆင်ထားကြရပေလိမ့်မည်။ လွတ်လပ်ရေးရပြီးကာလ သမိုင်းကြောင်း တစ်လျှောက် ၁၉၄၉-၁၉၅၀ ကာလ၊ ၁၉۶၁-၁၉۶၂ ကာလ၊ ၁၉၈၈-၁၉၈၉ ကာလကဲ့သို့ ပြည်ထောင်စုကြီးပြိုကွဲတော့မည့်အရေးမျိုး ထပ်မံမဖြစ်ပေါ်လာအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်သည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့မှစတင်၍ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်း နယ်စပ်ဒေသတွင် တိုင်းရင်းသား လက်နက်ကိုင်သောင်းကျန်း သူအဖွဲ့အချို့က တိုက်ပွဲများကို စတင်ဖော်ဆောင်လာခဲ့သည်။

မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းမှ ဒေသအချို့နှင့် စခန်းအချို့ ဆုံးရှုံးမှုရှိခဲ့သည်။ လက်နက်ကိုင် သောင်းကျန်းသူအဖွဲ့သုံးဖွဲ့ ရှေ့တစ်ဆင့်တိုး လုပ်ဆောင်ခဲ့ပါသည်။ ပွဲလန့်တုန်း ဗျာခင်းလိုသော အခြားအဖွဲ့များကလည်း တိုက်ပွဲများ ဖော်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံ ဒေသအချို့တွင် မြို့သိမ်း၊ ရွာသိမ်း၊ စခန်းသိမ်းနိုင်အောင် အားထုတ်မှုများရှိခဲ့သည်။ ဤအခြေအနေသည် တိုင်းပြည်ပြိုကွဲစေနိုင်သည့် အခြေအနေမဟုတ်သော်လည်း ပြိုကွဲအောင် အားထုတ်နေခြင်းဖြစ်သည်ကို သတိပြုရမည်ဖြစ်သည်။

စစ်၏သဘောအရ

ထိုသို့သော အခြေအနေများကို တိုင်းပြည်ပြိုကွဲစေနိုင်သော လုပ်ရပ်များ အဖြစ် သင်ခန်းစာယူကြရပါမည်။ တိုင်းပြည်မှာ ပြိုကွဲနိုင်သည့် အခြေအနေလုံးဝမဟုတ်ပါ။ သို့သော် ကြက်ပွဲကို ဆင်ပွဲဖြစ်အောင် ပြောဆိုလှုံ့ဆော်နေမှုများရှိနေပါသည်။ တိုက်ပွဲဖြစ်ပွားရာဒေသများတွင် စစ်၏ဆိုးကျိုးများကို ခံစားကြရသလို အေးချမ်းစွာ နေထိုင်ကြရသောဒေသများမှ ပြည်သူများမှာလည်း စိတ်နှလုံး ထိခိုက်ခံစားကြရပါသည်။ စစ်တို့၏ သဘောတရားအရ ခံစစ်၊ ခွာစစ်၊ ချီစစ်၊ တိုက်စစ်ဟူ၍ ရှိပါသည်။ နွားရူးဆုံးတိုး မထောက်ထား တိုက်ကြသူများမှာ သောင်းကျန်းသူများသာဖြစ်ပါသည်။ တပ်မတော်အနေဖြင့် သောင်းကျန်းသူများကို ထိရောက်ချေမှုနန်းနေသလို အကြောင်းအမျိုးမျိုးကို ထောက်ထား၍ စစ်၏သဘောအရ ဆောင်ရွက်ရပါသည်။

အထူးသဖြင့် တိုင်းရင်းသားပြည်သူများကို ထောက်ထားရပါသည်။ အဆုံးအရှုံး အနှစ်နာခံရမှုများလည်းရှိပါသည်။ စစ်ဒဏ်ဘီလူး မီးကုန်ယမ်းကုန် အဆင်အခြင်မဲ့ တိုက်ခိုက်လျှင် မြေစာပင်ဖြစ်ကြရပြီး ထိခိုက်ခံစားကြရမည့်သူများမှာ တိုင်းရင်းသားပြည်သူများသာ ဖြစ်ပါသည်။ အထူးသဖြင့် အိမ်နီးချင်းနိုင်ငံ နယ်စပ်ဒေသများနှင့် မြို့ရွာများတွင် အထူးဆင်ခြင်ဆောင်ရွက်ကြရပါသည်။ ဤသို့သော ဆင်ခြင်ဆောင်ရွက်နေသည့် အခြေအနေကို အခွင့်ကောင်းယူ သွေးနောထင်ရောက်ပြီး တပ်မတော်တွင် အင်အားမရှိတော့သယောင်၊ ပြိုကွဲပျက်စီးတော့မယောင်၊ တိုင်းပြည်ကြီး အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲတော့မယောင် ပြောဆိုနေမှုများကို နားမယောင်မမြင်လိုပါသည်။

တိုင်းပြည်ကိုချစ်မြတ်နိုး

တပ်မတော်သည် တိုင်းပြည်ကြီး တစ်ခုလုံးကိုမဆိုနှင့်၊ ပြည်နယ်ဒေသတစ်ခု၊ မြို့ကြီးပြကြီးတစ်ခုတလေကိုမျှ အထိ အပါး အစွန်းအထင်းခံမည်မဟုတ်ပါ။ ထိပါးလာလျှင်လည်း သည်းမခံ၊ အပြတ်အသတ် ချေမှုန်းသွားမည်ဖြစ်သည်။ ယခုနယ်စပ်မြို့ ရွာပြင်ကနေသားများတွင် သောင်းကျန်းသူများနှင့် တိုက်ခိုက်မှုများ ရှိနေပါသည်။ ထိုတိုက်ပွဲများထက် လေတိုက်ပွဲများက အကြီးမားဆုံးဖြစ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ လက်ရှိတွင် တိုက်ပွဲများကြောင့် စိတ်ထိခိုက်ကြရသည်။ လေဒဏ်သင့်၍ ပြည်သူများ စိတ်နှလုံး မသာမယာဖြစ်ကြရပါသည်။ ကာလတစ်ခုတော့ ကြာရှည်မည်ဖြစ်သည်။ မုန်တိုင်းစဲလျှင် လေပြည်လေညင်းလေးများ လာပါလိမ့်မည်။ တိုင်းရင်းသားပြည်သူအားလုံး ပြည်ထောင်စုကြီးကို ချစ်မြတ်နိုးသော စိတ်ဓာတ်များရှိရန်သာလိုပါသည်။

ပွင့်ပွင့်လင်းလင်းဆိုရလျှင် သမိုင်းကြောင်းတစ်လျှောက် အမျိုးမျိုးအဖုံဖုံ သွေးထိုးလှုံ့ဆော် သွေးခွဲမှုများကြောင့် တပ်မတော်အပေါ် အထင်အမြင်လွဲမှားမှုများရှိခဲ့ပါသည်။ သို့သော် တိုင်းပြည်ကို အသက်ပေး ကာကွယ်စောင့်ရှောက်နေသည့် တပ်မတော်၏ စိတ်ဓာတ်နှင့် သဘောထားအမှန်ကို သိမြင်နားလည်သဘောပေါက်ကြသောကြောင့် တပ်မတော်နှင့်အတူလက်တွဲ၍ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်၊ နိုင်ငံတော်ကို တည်ဆောက်ခဲ့ကြပါသည်။ သောင်းကျန်းသူအဖျက်သမားများကို ဆန့်ကျင်ရှုတ်ချကြသည်။ တစ်ဖန် တပ်မတော်ကို အမျိုးမျိုး သပ်သျှိုသွေးခွဲကြပြန်သည်။ တစ်နည်းတစ်ဖုံ ပြိုကွဲပျက်စီးရန် ပြုလုပ်ကြပြန်သည်။ သို့သော် တပ်မတော်၏ ဆောင်ရွက်ချက်နှင့် သောင်းကျန်းသူများ၏ လုပ်ရပ်များကို ပြည်သူများ ကွဲကွဲပြားပြား သိလာကြသည်။

အဖြူနှင့်အမည်းကွဲ

တိုင်းပြည်ကို ဖျက်လိုဖျက်ဆီးလုပ်ရပ်များကြောင့် တိုက်ပွဲဖြစ်ပွားရာဒေသများတွင် လမ်းပန်းဆက်သွယ်ရေးပြတ်တောက်ကုန်သည်။ မြို့ရွာများ ပျက်စီးကြေမွကုန်သည်။ စေတီဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်များ ဖျက်ဆီးခြင်းခံလိုက်ရသည်။ ဒေသခံပြည်သူများ ထိခိုက်ပျက်စီးကြရသည်။ စစ်ဘေးရှောင်ပြည်သူများအဖြစ် ဆင်းရဲဒုက္ခရောက်ကြရသည်။ လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်သွားသောကြောင့် စားနေရိက္ခာရှားပါးကြီးမြင့်မှုများနှင့် ကြုံကြရသည်။ အလုပ်အကိုင်ပျက်၊ စီးပွားပျက်ကာ လူမှုစီးပွားဘဝများ ဆုံးရှုံးနစ်နာကြရသည်။ ဤသို့သော အခြေအနေမျိုးသို့ ရောက်အောင် သောင်းကျန်းသူများက ဖန်တီးခဲ့ခြင်းသာ ဖြစ်သည်။

ယခုအခါ အဖြူနှင့်အမည်း၊ အလင်းနှင့် အမှောင် ကွဲကွဲပြားပြား သိလာကြရသည်။ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ် တိုက်ပွဲများ ဖြစ်ပွားရာဒေသများမှ ပြည်သူများ အတိဒုက္ခရောက်နေသည်များကို မြင်တွေ့နေရသည်။ ညည်းတွားသံများကို ကြားနေရသည်။

စာမျက်နှာ ၁၁ သို့

ရုရှား-မြန်မာ နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနများအကြား ၂၀၂၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ဥပဒေဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၂၀

ရုရှား - မြန်မာ နှစ်နိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနများအကြား ၂၀၂၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ဥပဒေဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Jasmine ဟိုတယ်၌ကျင်းပပြုလုပ်သည်။(ယာဝုံ)

အဆိုပါ ရုရှား - မြန်မာ နှစ်နိုင်ငံ ကာကွယ်ရေး ဝန်ကြီးဌာနများအကြား ၂၀၂၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စစ်ဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအစီအစဉ်အရ ဥပဒေဆိုင်ရာညှိနှိုင်းဆွေးနွေးပွဲကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာန ဥပဒေရေးရာဌာန ညွှန်ကြားရေးမှူး ရုရှားဖက်ဒရေးရှင်း တပ်မတော်ဥပဒေရေးရာ ဝန်ဆောင်မှုအကြီးအကဲ Mr. Bezbabnov Oleg Gennadievich တို့က အဖွင့်အမှာစကားများ အသီးသီးပြောကြားကြပြီး ရုရှား - မြန်မာ နှစ်နိုင်ငံ ရုရှားဖက်ဒရေးရှင်းတပ်မတော် ဥပဒေရေးရာ ဝန်ဆောင်မှုအကြီးအကဲ Mr. Bezbabnov Oleg Gennadievich၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူး Colonel Sergey Semenovich Kurchenko နှင့် ရုရှားဖက်ဒရေးရှင်းနိုင်င်မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ညှိနှိုင်းဆွေးနွေးပွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ဥပဒေချုပ် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်င် ကာကွယ်ရေးဝန်ကြီးဌာန ဥပဒေရေးရာဌာန ညွှန်ကြားရေးမှူး ရုရှားဖက်ဒရေးရှင်း တပ်မတော်ဥပဒေရေးရာ ဝန်ဆောင်မှုအကြီးအကဲ Mr. Bezbabnov Oleg Gennadievich တို့က ကာကွယ်ရေး ဝန်ကြီးဌာနများအကြား ၂၀၂၄ ခုနှစ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့် စစ်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ဥပဒေဆိုင်ရာများဖြစ်သည့် ရုရှားနိုင်ငံ၏ စစ်ဘက်ဥပဒေစနစ်နှင့် တရားစီရင်ရေး ဆိုင်ရာကိစ္စရပ်များနှင့် မြန်မာနိုင်ငံ၏ စစ်ဘက်တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များကို အပြန်အလှန်ဆွေးနွေးခြင်းများ၊ မေးခွန်းမေးမြန်းခြင်းများ ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့ပြင် ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်က Mr. Bezbabnov Oleg Gennadievich ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ညစာဖြင့်တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မိုးညှင်းမြို့နယ်၌ တောင်သူများကို ထောက်ပံ့ငွေများ ပေးအပ်

မိုးညှင်း မတ် ၂၀

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်၌ ၂၀၂၃ ခုနှစ်အတွင်း ရေကြီးရေလျှံမှုကြောင့် သီးနှံပျက်စီးဆုံးရှုံးမှုများအတွက် အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားကို မတ် ၁၉ ရက်က စုပေါင်းရုံးရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ အခမ်းအနားတွင် မြို့နယ်ဖိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးတင့်မျိုးကိုက ၂၀၂၃ ခုနှစ်အတွင်း မိုးညှင်းမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် သီးနှံပျက်စီးဆုံးရှုံးမှုများအတွက် အရေးပေါ်ရန်ပုံငွေမှ ထောက်ပံ့ငွေများ ပေးအပ်ရခြင်းနှင့်ပတ်သက်၍ တောင်သူများအား ရှင်းလင်းပြောကြားသည်။

ထောက်ပံ့ပေးအပ်

အဆိုပါ ထောက်ပံ့ပေးအပ်ရာတွင် ၂၀၂၃ ခုနှစ်အတွင်း မိုးညှင်းမြို့နယ်၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး သီးနှံများပျက်စီးဆုံးရှုံးခဲ့သည့် တောင်သူ ၁၂၀ အတွက် တစ်ဧကလျှင် ထောက်ပံ့ငွေကျပ် သုံးသောင်းနှုန်းဖြင့် လယ်ဧက ၇၄၈ ဧကအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၂၂၄ သိန်းကျော်ကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဌာန တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်သည်။

ရွှေမိုးညှင်း

စာမျက်နှာ ၁၀ မှ

တိုက်ပွဲဖြစ်သဖြင့် တရားဥပဒေစိုးမိုးရေးပျက်ပြားသည့် ဒေသများတွင် သွားလာခဲ့ကြသော တိုင်းရင်းသားပြည်သူများ၏ ကိုယ်တွေ့ဖြစ်ရပ်များကို ဤသို့ကြားသိခဲ့ရသည်။ လမ်းတစ်လျှောက်တွင် KIA နှင့်တွေ့လျှင်၊ TNLA နှင့်တွေ့လျှင်၊ AA နှင့်တွေ့လျှင်၊ PDF နှင့်တွေ့လျှင် ပြည်သူတစ်ဦးလျှင် တစ်ယောက် မည်ရွေ့မည်မျှပေးဟု ဆက်ကြေးကောက်ခြင်း ခံကြရသည်။ တစ်ဖွဲ့တွေ့တိုင်း တစ်ဖွဲ့တွေ့တိုင်း ဆက်ကြေးပေးကြရသည်။ ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်များ ဆိုလျှင် အဆမတန်ပေးကြရသည်။

လုပ်ကြံဝါဒဖြန့်

သူခိုးကြီးတော့ ဓားပြ၊ ဓားပြကြီးတော့ သူပုန်၊ သူပုန်ကြီးတော့ သောင်းကျန်းသူများ ဖြစ်လာကြသည်။ သောင်းကျန်းသူများသည် လူသတ်၊ ဓားပြတိုက်၊ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးပြီး ဒီမိုကရေစီအရေး၊ ဖက်ဒရယ်အရေး၊ တော်လှန်ရေးလုပ်နေတာပါဟု အသံကောင်းဟစ်နေကြသည်။ ပြည်ဖျက်မီဒီယာများကလည်း တပ်မတော်ကို သောင်းကျန်းသူ၊ အကြမ်းဖက်သမား။ သောင်းကျန်းသူကို ကယ်တင်ရှင် တော်လှန်ရေးသမားဟု ပြောင်းပြန်လှန်ဖော်ပြနေကြသည်။ တပ်မတော်ကြီး ပြိုလဲနေသယောင်၊ တိုင်းပြည်ကြီး အစိတ်စိတ်အမြွှာမြွှာ ပြိုကွဲနေသယောင်၊ ဖက်ဒရယ်တပ်ကြီး ရောက်လာတော့မယောင်၊ တိုင်းပြည်ကို ကယ်တင်တော့မယောင် မဟုတ်မမှန် လုပ်ကြံဝါဒဖြန့်သတင်းများ အဆက်မပြတ် ထုတ်လွှင့်ကြသည်။ ပြည်သူများ ကြောက်ရွံ့အောင်၊ တွေဝေအောင် တစိုက်မတ်မတ် ပြုလုပ်ကြသည်။

သောင်းကျန်းသူများသည် မူလကတည်းက လက်နက်အားကိုးဖြင့် နယ်မြေလု၊ အာဏာတည်ဆောက်၊ ဆက်ကြေးကောက်၊ လူသစ်စုဆောင်း၊ ဓားပြတိုက်၊ လုယက်၊ မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချ၊ တိုင်းပြည်၏ သယံဇာတပစ္စည်းများ ခိုးထုတ်ရောင်းချပြီး လက်နက်လူသူစုဆောင်း၍ အင်အားတောင့်တင်းအောင် ပြုလုပ်ခဲ့ကြသည်။ တိုင်းပြည်ကို ပြိုကွဲပျက်စီးအောင် ပြုလုပ်ကြသည်။ တိုင်းရင်းသားပြည်သူများကို အနိုင်ကျင့်နှိပ်စက် သတ်ဖြတ်နေကြသည်။ ၎င်းတို့သည် တိုင်းရင်းသားအည်ခံ အမျိုးသားသစ္စာဖောက် အဖျက်သမားများသာဖြစ်သည်။ တစ်နည်းဆိုပါလျှင်လည်း အမျိုးသားသစ္စာဖောက် ပြည်ထောင်စုကိုဖျက်ဆီးသူ အကြမ်းဖက်အဖျက်သမားများသာဖြစ်သည်။

ပြည်ထောင်စုကိုကာကွယ်

ယနေ့အချိန်အခါတွင် တိုင်းရင်းသားဟု အမည်ခံထားသူ လက်နက်ကိုင် သောင်းကျန်းသူများ ထကြွလာခြင်း၏ အကြောင်းအချက်များတွင် အချင်းချင်း မည်ညွှတ်မှု၊ သွေးကွဲမှုတို့သည် အဓိကကျသည့်အချက်ဖြစ်သည်။ မည်ညွှတ်သည့် အခါ အဖျက်အားကြီးမားလာသည်။ မိမိတို့အချင်းချင်းသွေးကွဲမှုသည် တိုင်းရင်းသားအမည်ခံ သောင်းကျန်းသူများ အချက်ဖြစ်ခဲ့သည်။ ဗမာဆိုလျှင် လက်မခံ၊ စေတီပုထိုးများပါ ဖြိုဖျက်မှုများ၊ နိုင်ငံတော်အလံအား ဖြုတ်ချကာ သောင်းကျန်းသူအလံအား လွှင့်ထူလိုက်ကြ ပုံများမှာ အသည်းနာစရာကောင်းလှသည်။ ဗမာ PDF တွေသေနေတာ ငါတို့တွေမသေဘူးဆိုသည့် TNLA ခေါင်းဆောင်တစ်ဦး၏စကား။ NUG က မင်းတို့ဗမာ PDF တွေ ငါတို့ကို ထိုးပေးသွားတာဆိုသည့် MNDAA ခေါင်းဆောင် တစ်ဦး၏ စကားတို့သည် သွေးခွဲဖျက်ဆီးမှုအဖြစ် ထင်ရှားပေသည်။ တိုင်းရင်းသားရေးလည်းမဟုတ်၊ ဖက်ဒရယ်ရေးလည်းမဟုတ်၊ ကိုယ်ကျိုးစီးပွားအတွက် မြန်မာပြည်မြေပုံကို ပျက်စီးအောင် ပြုလုပ်နေခြင်းသာ ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် နှစ်ပေါင်းထောင်ချီရှည်လျားသည့် ကာလတစ်လျှောက်လုံး ဗမာတိုင်းရင်းသား အပါအဝင် တိုင်းရင်းသားလူမျိုးစုများ အားလုံး အတူတကွလက်တွဲ နေထိုင်ခဲ့ကြသည်။ မရှိအတူ ရှိအတူ အေးအတူပူအမျှ ရိုင်းပင်းကူညီ စာနာနားလည်မှုဖြင့် အတူနေထိုင်ခဲ့ကြသည်။ တစ်ဦးကိုတစ်ဦး လေးစားချစ်ခင် ဆက်ဆံနေထိုင်ခဲ့ကြသည်။ ပြည်ပရန်စွယ်အန္တရာယ်များကို တိုင်းရင်းသားလူမျိုးများ အတူပူးပေါင်းလက်တွဲပြီး တွန်းလှန်ကာကွယ်ခဲ့ကြသည်။ ပြည်ပရန်စွယ်အန္တရာယ်များကို တိုင်းရင်းသားလူမျိုးများ အတူပူးပေါင်းလက်တွဲပြီး တွန်းလှန်ကာကွယ်ခဲ့ကြသည်။ ဤအမိပြည်ထောင်စုကြီးသည် ကမ္ဘာ့မြေပုံပေါ်တွင် ထည်ထည်ဝါဝါ ခံ့ခံ့ညားညား မပြိုမကွဲခိုင်မြဲ ယနေ့ထက်တိုင်အောင် တည်တံ့ဖြစ်ထွန်းလျက်ရှိသည်။ နောင်ကမ္ဘာတည်သရွေ့ ဤနိုင်ငံတော်ကြီး မပျက်မယွင်း ဆက်လက်တည်ထွန်းနေမည်ဖြစ်သည်။ ပြည်ထောင်စုကိုကာကွယ်ခဲ့ကြသည်။ ပြည်ပရန်စွယ်အန္တရာယ်များကို တိုင်းရင်းသားလူမျိုးများ အတူပူးပေါင်းလက်တွဲပြီး တွန်းလှန်ကာကွယ်ခဲ့ကြသည်။ ဤအမိပြည်ထောင်စုကြီးသည် ကမ္ဘာ့မြေပုံပေါ်တွင် ထည်ထည်ဝါဝါ ခံ့ခံ့ညားညား မပြိုမကွဲခိုင်မြဲ ယနေ့ထက်တိုင်အောင် တည်တံ့ဖြစ်ထွန်းလျက်ရှိသည်။ နောင်ကမ္ဘာတည်သရွေ့ ဤနိုင်ငံတော်ကြီး မပျက်မယွင်း ဆက်လက်တည်ထွန်းနေမည်ဖြစ်သည်။ ။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် နှစ်ပေါင်းထောင်ချီရှည်လျားသည့် ကာလတစ်လျှောက်လုံး ဗမာတိုင်းရင်းသားအပါအဝင် တိုင်းရင်းသားလူမျိုးစုများ အားလုံး အတူတကွလက်တွဲ နေထိုင်ခဲ့ကြသည်။ မရှိအတူ ရှိအတူ အေးအတူပူအမျှ ရိုင်းပင်းကူညီ စာနာနားလည်မှုဖြင့် အတူနေထိုင်ခဲ့ကြသည်။ တစ်ဦးကိုတစ်ဦး လေးစားချစ်ခင် ဆက်ဆံနေထိုင်ခဲ့ကြသည်။ ပြည်ပရန်စွယ်အန္တရာယ်များကို တိုင်းရင်းသားလူမျိုးများ အတူပူးပေါင်းလက်တွဲပြီး တွန်းလှန်ကာကွယ်ခဲ့ကြသည်။ ဤအမိပြည်ထောင်စုကြီးသည် ကမ္ဘာ့မြေပုံပေါ်တွင် ထည်ထည်ဝါဝါ ခံ့ခံ့ညားညား မပြိုမကွဲခိုင်မြဲ ယနေ့ထက်တိုင်အောင် တည်တံ့ဖြစ်ထွန်းလျက်ရှိသည်။ နောင်ကမ္ဘာတည်သရွေ့ ဤနိုင်ငံတော်ကြီး မပျက်မယွင်း ဆက်လက်တည်ထွန်းနေမည်ဖြစ်သည်

သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိသည့် ဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ ယာယီတည်းခို သီတင်းသုံးမည့် နေပြည်တော်စည်ပင်ဧည့်ရိပ်သာအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ သွားရောက်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၄ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်တပ်လှူဒါန်း ချီးမြှင့်အပ်နှင်းပွဲအခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲသို့ ကြွရောက်တော်မူကြမည့် ဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ ယာယီတည်းခိုသီတင်းသုံးမည့် နေပြည်တော် စည်ပင်ဧည့်ရိပ်သာအား ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် တာဝန်ရှိသူများ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆွမ်းစားဆောင်များနှင့် အိပ်ဆောင်များကို လှည့်လည်ကြည့်ရှုကြသည်။(အောက်ပို့)

ပြည်ဗုဒ္ဓာဖြည့်ဆည်း ဆောင်ရွက်ပေး

ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက ဘွဲ့ခံဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ ယာယီတည်းခို သီတင်းသုံးမည့် အဆောင်များအား ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက အဆောင်အတွင်း/ အပြင် သန့်ရှင်းသာယာရေး၊ ဆရာတော်သံဃာတော်များနှင့် သီလရှင်များ စိတ်ချမ်းမြေ့စွာ သီတင်းသုံးနိုင်ရေး၊ လျှပ်စစ်မီးပြတ်တောက်မှုမရှိစေရေး၊ မီးဘေးလုံခြုံရေး၊ ခြင်နှင့်ယင်များ မရှိစေရေးနှင့်အခန်းများအတွင်းရှိ အသုံးအဆောင်ပစ္စည်းများ ပြည့်စုံစွာ ဖြည့်ဆည်းဆောင်ရွက်ပေးစေရေး မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

လှိုင်းအသင့်အတင့်ရှိမည်

နေပြည်တော် မတ် ၂၀

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

ပိဋကသုံးပုံ ပါဠိတော်ကျမ်းစာအုပ်များအား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်း

ရန်ကုန် မတ် ၂၀

နေပြည်တော် ဒဂ္ဂီဏသီရိမြို့နယ်တွင် တည်ထားကိုးကွယ်လျက်ရှိသော မာရဝိဇယ ဘုရားမိဘသထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်း၌ ကျောက်စာချပ်များအဖြစ် ရေးထိုးထွင်းထု ပူဇော်ထားသည့် ပိဋကသုံးပုံ ပါဠိတော်များကို မြန်မာ/ရိုမန် အက္ခရာ နှစ်မျိုးဖြင့် စိစစ်တည်းဖြတ်ခဲ့ကြသော "နာယကအဖွဲ့ဆရာတော်ကြီးများ" နှင့် "စိစစ်တည်းဖြတ်ရေး လုပ်ငန်းကော်မတီမှ ဆရာတော်ကြီးများ" အား ပိဋကသုံးပုံ ပါဠိတော်ကျမ်းစာအုပ်များနှင့် Tablet များ ဆက်တပ်လှူဒါန်းခြင်းနှင့် ပရိယတ္တိစာသင်တိုက်ကြီးများ၊ သာသနာ့ဘဏ္ဍာသိုလ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းမည့် ပိဋကသုံးပုံ ပါဠိတော်ကျမ်းစာအုပ်များအား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၌ ကျင်းပပြုလုပ်သည်။

ဦးစွာ အခမ်းအနားကို "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး စိစစ်တည်းဖြတ်ရေး နာယကအဖွဲ့ဝင် နိုင်ငံတော်ပရိယတ္တိ သာသနာ့ဘဏ္ဍာသိုလ်(ရန်ကုန်) ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တကုမာရထံမ ငါးပါးသီလခံယူဆောက်တည်ကြကာ ကြွရောက်တော်မူလာကြသော ဆရာတော်သံဃာတော်များ ရွတ်ဖွားသရဏတရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် ပိဋကပါဠိတော်ကျမ်း ၅၃ ကျမ်းတို့ကို ပါဠိ၊ ရိုမန် နှစ်ဘာသာဖြင့် ကျောက်စာရေးထိုးရာတွင် ဆဋ္ဌသင်္ဂါယနာမှုနှင့်ကိုက်ညီစေရန် စိစစ်တည်းဖြတ်ရေးလုပ်ငန်းကော်မတီ တွဲဖက်အတွင်းရေးမှူး မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းက ပိဋကသုံးပုံ ပါဠိတော်ကျမ်းစာအုပ်များနှင့် Tablet များ ဆက်တပ်လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းလျှောက်ထားပြီး ကြွရောက်တော်မူလာကြသောဆရာတော်သံဃာတော်များအား ပုံနှိပ်ပြီးဖြစ်သော ပိဋကသုံးပုံ ပါဠိတော်ကျမ်းစာအုပ်များ၊ Tablet များနှင့် နဝကမ္မလှုပ္ပယ်ဝတ္ထု ပစ္စည်းများ ဆက်တပ်လှူဒါန်းသည်။

ဆက်လက်၍ မြန်မာစီးပွားရေးကော်ပိုရေးရှင်း ဦးဆောင်ညွှန်ကြားရေးမှူးက ပရိယတ္တိ စာသင်တိုက်ကြီးများ၊ သာသနာ့ဘဏ္ဍာသိုလ်များနှင့် ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းမည့် ပိဋကသုံးပုံ ပါဠိတော်ကျမ်းစာအုပ် ၉၆၃စုအား သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခြင်းအခမ်းအနားရာ ဒုတိယဝန်ကြီး ဦးအေးထွန်းက လက်ခံရယူပြီးနောက် ဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်စကား လျှောက်ထားသည်။

ထို့နောက် စိစစ်တည်းဖြတ်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ အပြည်ပြည်ဆိုင်ရာထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ မဟာမဓုကထိက ဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒထံမ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

(၇၉) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် လှိုင်သာယာ-ဒလ-တွံတေးလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ တက်ရောက်ဖွင့်လှစ်

တွံတေး မတ် ၂၀

(၇၉) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ်ရှိ လှိုင်သာယာ- ဒလ-တွံတေးလမ်းကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ပဒန်ရေကျော်ကျေးရွာ အနီးရှိမုခ်ဦး၌ ဖွင့်လှစ်သည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာနညွှန်ကြားရေးမှူး (မြို့ပြ) ဦးထင်ကျော်က စီမံကိန်းနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် တိုင်းဒေသကြီးအတွင်း တိုးတက်များပြားလာသည့် လူဦးရေနှင့်အညီ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှု ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ချင်းဆက်၊ ခရိုင်ချင်းဆက်လမ်းများကို အဆင့်မီသော လမ်းမကြီးများအဖြစ် ပေါ်ပေါက်လာစေရေး၊ အခြားသော တိုင်းဒေသကြီးများသို့ ဆက်သွယ်ထားသည့် လမ်းများ ပိုမိုကောင်းမွန်စေရေးအတွက် ကြိုးပမ်းလျက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်များအရ လမ်းဦးစီးဌာနမှ လမ်းများကို အဆင့်မြှင့်တင်

ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၂၄ ပေနှင့် အထက်အေစီ လမ်း ၁၁၆ မိုင်၊ ကွန်ကရစ်လမ်း ၂၅၈ မိုင်၊ ကတ္တရာလမ်း ၂၅၁ မိုင် ၄ ဖာလုံ၊ မြေသားလမ်း ၅ မိုင် တို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုလမ်းသည် ၁၀ မိုင် အရှည်ရှိ ဆောင်ရွက်ပြီး လမ်းအရှည်မှာ ၇ မိုင် ၂ ဖာလုံဖြစ်ကာ လှိုင်သာယာ-ဒလ-တွံတေးလမ်းပိုင်းကို ၂၄ ပေ ကွန်ကရစ်လမ်းအဖြစ် ၇ မိုင် ၂ ဖာလုံ ဆောင်ရွက်ခဲ့သည်။ မကြာမီမှာ တည်ဆောက်ပြီးစီးတော့မည့်ဒလတံတားကြီးမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို ဆက်သွယ်သွားလာသည့်အခါ အဆိုပါလမ်းသည် အရေးပါသော အဓိကလမ်းမကြီးဖြစ်လာမည်ဖြစ်သည့် အတွက် ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှု အဆင်ပြေလာမည်ဖြစ်ကာ ဒေသတွင်းပြည်သူများ၏ လူမှုအကျိုးစီးပွားများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ဘဏ္ဍာရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် လှိုင်သာယာ- ဒလ- တွံတေး လမ်းပိုင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ရာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုး၊ ရန်ကုန်တိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ)၊ တွံတေးခရိုင် အုပ်ချုပ်ရေးမှူး ဦးထင်ကျော်၊ လမ်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်နှင့် ပဒန်ရေကျော်ကျေးရွာအုပ်စု ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ **(ဝဲပို့)**

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ၊ ဧည့်သည်တော်များက အဆိုပါ ကွန်ကရစ်လမ်းသစ်ကို ကြည့်ရှုစစ်ဆေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းရင်းသားရိုးရာအကများ၊ ဘင်ခရာတီးပိုင်းတို့ကို ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

တွံတေးသား

ဗီယက်နမ်သမ္မတ ပိုဗန်သွန်း ရာထူးမှ နုတ်ထွက်

ဟန္တိုး၊ မတ် ၂၀

ဗီယက်နမ်ကွန်မြူနစ်ပါတီဗဟိုကော်မတီသည် မတ် ၂၀ ရက်က သမ္မတ ဗိုဗန်သွန်း၏ နုတ်ထွက်လွှာကိုလက်ခံခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

သွန်းသည် ပေါ်လစ်ဗျူရိုအဖွဲ့ဝင်အဖြစ်မှလည်း နုတ်ထွက်မည်ဖြစ်ကြောင်း ကော်မတီအထူးအစည်းအဝေး ဆုံးဖြတ်ချက်အရ သိရသည်။

အစည်းအဝေးပြီးနောက် ထွက်ပေါ်လာသော ထုတ်ပြန်ချက်တွင် သွန်းသည် ကွန်မြူနစ်ပါတီနှင့် နိုင်ငံ၏အဓိကခေါင်းဆောင်ဖြစ်သလို အရေးကြီးသော ခေါင်းဆောင်မှုပိုင်းများကိုလည်း တာဝန်ယူထားသူ ဖြစ်ကြောင်း သိရသည်။

သို့သော်လည်း သွန်းသည် ပါတီစည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ခဲ့ကြောင်း ဗဟိုစစ်ဆေးရေးကော်မတီနှင့် တခြားသက်ဆိုင်ရာအေဂျင်စီများ၏ အစီရင်ခံစာအရ သိရသည်။

သွန်း၏စည်းကမ်းချိုးဖောက်မှုသည် ပြည်သူ့သဘောထားအပေါ် ဆိုးရွားစွာအကျိုးသက်ရောက်ခဲ့သလို ပါတီနှင့် နိုင်ငံ၏ဂုဏ်သတင်းကိုလည်း ကျဆင်းစေခဲ့ကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

ပါတီ၊ နိုင်ငံနှင့် ပြည်သူ့အပေါ် ၎င်း၏တာဝန်မကျေမှုများကို သတိပြုမိသည့်အတွက် ရာထူးမှနုတ်ထွက်ခွင့်ကို တောင်းဆိုခဲ့ခြင်း ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

သွန်းကို ၁၉၇၀ ပြည့်နှစ်တွင်မွေးဖွားခဲ့ပြီး ၂၀၂၃ ခုနှစ် မတ်လတွင် ဗီယက်နမ်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခဲ့သည်။

ဆင်ဟွာ

ကမ္ဘာ့ပျမ်းမျှအပူချိန် ၂၀၂၃ ခုနှစ်တွင် အမြင့်ဆုံးစံချိန်တင်

ဂျီနီဗာ မတ် ၂၀

တစ်ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှအပူချိန်မှာ ၂၀၂၃ ခုနှစ်တွင် အမြင့်ဆုံးအဖြစ် စံချိန်တင်ထားကြောင်း ကုလသမဂ္ဂရာသီဥတုအေဂျင်စီက ပြောသည်။ ကမ္ဘာမိုးလေဝသအဖွဲ့အစည်းက ၂၀၂၃ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုအခြေအနေကို မတ် ၁၉ ရက်တွင် အစီရင်ခံတင်ပြခဲ့သည်။ ၂၀၂၃ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးဆိုင်ရာ ပျမ်းမျှအပူချိန်သည် စက်မှုခေတ်မတိုင်မီ အခြေခံအဆင့်ထက် ၁ ဒသမ ၄၅ ဒီဂရီစင်တီဂရိတ်ခန့်ရှိသည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ကြောင့် ၂၀၂၃ ခုနှစ်သည် နှစ်ပေါင်း ၁၇၄ နှစ်အတွင်း အပူဆုံးနှစ်ဖြစ်သည်ဟု စူးစမ်းလေ့လာရေးမှတ်တမ်းများအရ သိရသည်။ သမုဒ္ဒရာ၏ ၉၀ ရာခိုင်နှုန်းကျော်မှာ ၂၀၂၃ ခုနှစ်အတွင်း အဏ္ဏဝါအပူလှိုင်းအခြေအနေနှင့် ကြုံတွေ့ခဲ့ရသည်။ ယင်းသို့မြင့်မားသည့် အပူချိန်ကြောင့် အဏ္ဏဝါဂေဟာစနစ်နှင့် သန္တာကျောက်တန်းများအပေါ် ဆိုးဆိုးရွားရွားသက်ရောက်ခဲ့ကြောင်း အစီရင်ခံစာတွင်ဖော်ပြထားသည်။

အာတိတ်နှင့် အန္တာတိကတို့တွင် ယမန်နှစ်က ပင်လယ်ရေခဲများ လျော့နည်းသွားခဲ့ပြီး ဖေဖော်ဝါရီလအတွင်း အန္တာတိကတွင် ပင်လယ်ရေခဲများမှာ စံချိန်တင်လျော့နည်းသွားသည်ဟု သိရသည်။

အကျိုးဆက်အနေဖြင့် ကမ္ဘာ့အစိတ်အပိုင်းများတွင် ရေကြီးခြင်းနှင့် ပြင်းထန်သည့် အပူလှိုင်းဖြတ်သန်းခြင်းကဲ့သို့ ပြင်းထန်သည့် ရာသီဥတုမျိုးနှင့်ကြုံတွေ့နိုင်သည်ဟု အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် ရာသီဥတုနှင့်ပတ်သက်၍ ဘဏ္ဍာငွေပြတ်လပ်မှုဖြင့် ကြုံတွေ့နေရကြောင်းကိုလည်း ထောက်ပြခဲ့သည်။

အင်နိအိတ်ချ်ကေ

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆွေးနွေးလျက်ရှိသော်လည်း ဂါဇာ၌တိုက်ပွဲများ ဆက်လက်ဖြစ်ပွား

ဂါဇာ မတ် ၂၀

အစ္စရေးနှင့် ဟားမားစည်ရှိုင်းဆွေးနွေးသူများသည် ကာတာ၌ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆွေးနွေးပွဲများ ပြန်လည်စတင်ခဲ့သော်လည်း ဂါဇာရှိ ဟားမားစ်တို့ အသုံးပြုလျက်ရှိသည်ဟု ယုံကြည်သော အရပ်ဘက်အဆောက်အအုံများကို တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်ဖွဲ့က မတ် ၁၉ ရက်က ကြေညာခဲ့သည်။ အဆိုပါတိုက်ခိုက်မှုတွင် အကြမ်းဖက်သမား ၅၀ ကျော်သုတ်သင်ခဲ့ကြောင်း ၎င်းတို့က ပြောခဲ့သည်။

အယ်လ်ရီဖာဆေးရုံကို ဝင်ရောက်စီးနင်းတိုက်ခိုက်ချိန်အတွင်း အစ္စရေးတပ်ဖွဲ့ဝင်များက ထိုသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

တိုက်ပွဲအတွင်း အရပ်သားများနှင့် ဆေးဝန်ထမ်းများကို အန္တရာယ်ဖြစ်စေမှုမှ ရှောင်ရှားခဲ့ကြောင်း ၎င်းတို့က ပြောသည်။

ဆေးရုံရှိ ဆရာဝန်များက ပစ်ခတ်တိုက်ခိုက်မှုအတွင်း ဒဏ်ရာရလူနာများကို ကြိုးစားဆေးကုသပေးခဲ့ကြောင်း၊ မိမိတို့အပါအဝင် လူနာများသည် တစ်နေ့လျှင် ထမင်းတစ်နပ်သာစားရကြောင်းနှင့် အများစုမှာ အာဟာရချို့တဲ့ခြင်းကို ခံစားနေရကြောင်း ပြောကြားခဲ့သည်။

ဂါဇာသို့ ထောက်ပံ့ကူညီရေး ပစ္စည်းများဖြန့်ဝေခြင်းကို ခွင့်ပြုပေးနိုင်ရန် အစ္စရေးကို အလေးအနက် တိုက်တွန်းပြောကြားနိုင်ရေး သြဇာတိက္ကမကြီးမားသူများကို ကုလသမဂ္ဂအရာရှိများက တောင်းဆို ထားသည်။

ကုလသမဂ္ဂ လူအခွင့်အရေးကောင်စီ အဆင့်မြင့်မဟာမင်းကြီး ဗော်ကာတက်ခ်က အစ္စရေးသည် ဂါဇာသို့ထောက်ပံ့ကူညီရေးပစ္စည်းဝင်ရောက်မှုများကို ကန့်သတ်ထားကြောင်း ပြောကြားခဲ့သော်လည်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင် နေတန်ယာဟုက စစ်ပွဲစတင် ဖြစ်ပွားကတည်းက ထောက်ပံ့ကူညီရေး ပစ္စည်းများ ပေးပို့မှုကို ခွင့်ပြုရန်ကြိုးစားခဲ့သည်ဟု ပြောသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က အစ္စရေးသည် အရပ်သားများကို ကာကွယ်ရန် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် အပစ်ရပ်သဘောတူညီချက်နှင့် ဂါဇာသို့ ထောက်ပံ့ကူညီရေး ပစ္စည်းများ ဖြန့်ဝေပေးနိုင်ရန် အရေးအလယ်ပိုင်းသို့ လာရောက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်နိအိတ်ချ်ကေ

ပါကစ္စတန် အနောက်တောင်ပိုင်းတွင် ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုကြောင့် ၁၂ ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရ

အစ္စလာမ္မာဘတ် မတ် ၂၀

ပါကစ္စတန်အနောက်တောင်ပိုင်း ဘာလိုချီစတန်ပြည်နယ်တွင် ကျောက်မီးသွေးတွင်းပေါက်ကွဲမှုဖြစ်ပွားရာ အလုပ်သမား ၁၂ ဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု အာဏာပိုင်များက မတ် ၂၀ ရက်တွင် ပြောသည်။ မတ် ၁၉ ရက် ညပိုင်းက ဟာနိုင်းခရိုင်အတွင်းရှိ ကျောက်မီးသွေးတွင်းတွင် အဆီပိုဓာတ်ငွေ့များ စုပြုံလာပြီး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်ဟု ဘာလိုချီစတန်ပြည်နယ် သတ္တုတွင်းစုံမမ်းစစ်ဆေးရေးအကြီးအကဲ အဗ္ဗဒယ်ဂါနီ က ပြောသည်။

ပေါက်ကွဲမှုဖြစ်ပွားစဉ် ကျောက်မီးသွေးတွင်းလုပ်သား ၁၂ ဦးမှာ သတ္တုတွင်းအတွင်း အလုပ်လုပ်ကိုင်နေကြပြီး နောက်ထပ်ရှစ်ဦးမှာ ၎င်းတို့၏ လုပ်ဖော်ကိုင်ဖက်များကိုကယ်တင်ရန် တွင်းထဲသို့ ဝင်ရောက်ခဲ့ကြသည်။ ကံမကောင်းစွာပင် နောက်ထပ်ပြိုကျမှုဖြစ်ပွားခဲ့စဉ် ၎င်းတို့ပါ ပိတ်မိသွားခဲ့ရသည်။

ကယ်ဆယ်ရေးလုပ်သားများက ရှာဖွေကယ်ဆယ်မှုများပြုလုပ်ခဲ့သောကြောင့် ၁၂ ဦး၏အလောင်းများကိုတွေ့ရှိခဲ့ပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု သိရသည်။ ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

ဂျပန်နိုင်ငံ အနောက်ဘက်ကမ်းလွန်တွင် တောင်ကိုရီးယားအလံ လွှင့်ထူထားသည့် ရေနံတင်သင်္ဘောတိမ်းမှောက်မှုကြောင့် ခုနစ်ဦးသေဆုံး

တိုကျို၊ မတ် ၂၀

ဂျပန်နိုင်ငံအနောက်ပိုင်း ယာမာဂူချိခရိုင် ကမ်းလွန်တွင် တောင်ကိုရီးယားအလံ လွှင့်ထူထားသည့် ရေနံတင်သင်္ဘောတစ်စင်း မတ် ၂၀ ရက် နံနက်ပိုင်းက တိမ်းမှောက်ခဲ့ရာ ခုနစ်ဦးသေဆုံးခဲ့သည်ဟု ပြည်တွင်း မီဒီယာများတွင် ဖော်ပြထားသည်။

သင်္ဘောပေါ်တွင် ၁၁ ဦး လိုက်ပါလာပြီး ၎င်းတို့ထဲမှ ကိုးဦး ကိုသာ ကယ်တင်နိုင်ခဲ့သည်။ နောက်ပိုင်းတွင် ခုနစ်ဦးမှာသေဆုံးသွားခဲ့ကြောင်း ဂျပန်ကမ်းခြေစောင့်တပ်၏ ဖော်ပြချက်ကို ကိုးကား၍ အင်နိအိတ်ချ်ကေ သတင်းတွင် ဖော်ပြထားသည်။

မတ် ၂၀ ရက် နံနက် ၇ နာရီ ၅ မိနစ်ခန့်က အရေးပေါ်ခေါ်ဆိုမှု လက်ခံရရှိခဲ့ကြောင်း ဒေသခံ ကမ်းခြေစောင့်တပ်က ပြောသည်။ ရာသီဥတုဆိုးရွားမှုကြောင့် သင်္ဘော တိမ်းစောင်းနေကြောင်း ကယ်ဆယ်ရေး လုပ်ဆောင်ရန် လိုအပ်ကြောင်း အင်နိအိတ်ချ်ကေ သတင်းတွင် ဖော်ပြထားသည်။

ကမ်းခြေစောင့်တပ်နှင့် အခြားသူများသည် ပျောက်ဆုံးနေသည့် နှစ်ဦးကို ရှာဖွေနိုင်ရေး ကယ်ဆယ်ရေး လုပ်ငန်းများ ဆက်လက် လုပ်ဆောင်လျက်ရှိသည်။

ရာသီဥတု ဆိုးရွားမှုကြောင့် ရေနံတင်သင်္ဘောမှာ ကျောက်ချရပ်နားထားရကြောင်း ကမ်းခြေစောင့်တပ်ကပြောသည်။ သင်္ဘော ပေါ် လိုက်ပါလာသူများအနက် ရှစ်ဦးမှာ အင်ဒိုနီးရှားနိုင်ငံသားများဖြစ်ပြီး နှစ်ဦးမှာ တောင်ကိုရီးယားနိုင်ငံသားများဖြစ်သည်။ တစ်ဦးမှာ တရုတ်နိုင်ငံသားဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

ရေနံတင်သင်္ဘောတိမ်းမှောက်နေမှုကို တွေ့ရစဉ်။

လူငယ်ရေးရာဦးစီးဌာနရှိ အရာထမ်း/အမှုထမ်းများ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် ရှင်းလင်းပြောကြား

နေပြည်တော် မတ် ၂၀

လူငယ်ရေးရာဦးစီးဌာနရှိ အရာထမ်း/အမှုထမ်းများ ပြည်သူ့စစ်မှုထမ်းဥပဒေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရှင်းလင်းပြောကြားခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားကွင်းရှိ လူငယ်ရေးရာဦးစီးဌာနရုံးခ်ဉ် ကျင်းပသည်။

အခမ်းအနားတွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ဝန်ထမ်းများအနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်းသည့် နောက်ခံသမိုင်းများ၊ အခြားနိုင်ငံများတွင် စစ်မှုထမ်းဥပဒေပြဋ္ဌာန်း အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ စစ်မှုထမ်းဥပဒေပါ အကြောင်းအရာများတွင် ပါဝင်သည့် အချက်များဖြစ်သည့် စစ်မှုထမ်းရမည့် အသက်အရွယ်များ၊ စစ်မှုထမ်းခြင်း တာဝန်ထမ်းဆောင်ရမည့် ကာလ၊ စစ်မှုထမ်းခြင်းမှ ယာယီရွှေ့ဆိုင်းနိုင်သူများ၊ စစ်မှုထမ်းသူတို့၏ ခံစားခွင့်များ၊ စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့် ပြုနိုင်သည့် ပုဂ္ဂိုလ်များ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခြင်းကြောင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ထဲထဲဝင်ဝင်နားလည်သဘောပေါက်စေရန် ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေး (၃)ပါးကို စောင့်ထိန်းရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း၊ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်များကို သိရှိလိုက်နာ ဆောင်ရွက်သွားရန်လိုကြောင်း၊ နိုင်ငံသားတိုင်း နိုင်ငံချစ်စိတ် မျိုးချစ်စိတ်ရှိရန်လိုကြောင်း မှာကြား ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မြို့နယ်များ၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာများ အသိပညာပေး

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့်စပ်လျဉ်း၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ မြို့နယ်များ၌ အသိပညာပေးဆွေးနွေးပွဲများ ကျင်းပပြုလုပ်ခြင်းနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးမှုကို စုစည်းဖော်ပြလိုက်ပါသည်။

တာမွေ

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုတို့ ပူးပေါင်း၍ မတ်၂၀ ရက်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများအကြောင်း အသိပညာပေးရှင်းလင်းပွဲကို ရန်ကုန်မြို့ တာမွေမြို့နယ် ကျိုက္ကဆံလမ်းရှိ အဆိုပါ အသင်းရုံး မေတ္တာစံအိမ်ခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေး အသင်း(မြန်မာ)ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်က အမှာစကားပြောကြားပြီး တာမွေမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးကိုးအောင်က ပြည်သူ့စစ်မှုထမ်းခြင်းနှင့်ပတ်သက်သည့် အမျိုးသားရေးတာဝန်များ၊ ပြည်သူများအနေဖြင့် စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ စိုးရိမ်ရန်မလိုအပ်သည့်အကြောင်း၊ ပြည်သူ့စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန် ကာလအပိုင်းအခြား၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းနိုင်သည့် ဆက်သွယ်ရန်ဖုန်းနံပါတ်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်းစနစ် ကျင့်သုံးရသည့် အကြောင်းအရာများနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းဟောပြောခဲ့ပြီး တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းရာ မြို့နယ်အုပ်ချုပ်ရေးမှူးက ပြန်လည်ရှင်းလင်းပြောကြားသည်။ **နိုင်လင်းအောင်(ပြန်/ဆက်)**

ဖျာပုံ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်၌ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်/ ကျေးရွာအုပ်စုများတွင် ပြည်သူ့စစ်မှုထမ်းဥပဒေအကြောင်း ဒေသခံပြည်သူများသိရှိစေရန် အသိပညာပေးဟောပြောခြင်းလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို မတ် ၁၉ ရက်က ဖျာပုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးတင်လင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးသက်ထားမောင်၊ အဖွဲ့ဝင်(၁)ဗိုလ်မှူး ငွေမင်းထိုက်တို့က တက်ရောက်လာကြသော မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများကို ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်များ၊ စစ်မှုထမ်းရမည့်အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန်ကာလ၊ ဘာကြောင့်ပြည်သူ့စစ်မှုထမ်းစနစ် ကျင့်သုံးရတာလဲ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ကင်းလွတ်ခွင့်များနှင့် ယာယီရွှေ့ဆိုင်းနိုင်သူများ အစရှိသည်တို့ကို ဆွေးနွေးဟောပြောခဲ့ကြပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

မိုင်းယောင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများရှင်းလင်းခြင်းကို မတ် ၁၉ ရက်က မုန်းလိုက်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးခ်ဉ် ကျင်းပသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့် မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဝင်များက ဝမ်တပ်ကျေးရွာအုပ်စု၊ ဝမ်ဘိုးကျေးရွာအုပ်စု၊ ဝမ်မန်းကျေးရွာအုပ်စု၊ ဟောင်ကြန့်ကျေးရွာအုပ်စု၊ မုန်းလိုက်ကျေးရွာအုပ်စု၊ မိုင်လွေကျေးရွာအုပ်စု၊ ဒွန်းခွဲကျေးရွာအုပ်စု၊ ဝမ်ကောင်းကျေးရွာအုပ်စု၊ တာကြန့်ကျေးရွာအုပ်စုတို့မှ ရပ်ကွက်/ကျေးရွာအုပ်စု စာရေးများအား ပြည်သူ့စစ်မှုထမ်းဥပဒေ ရည်ရွယ်ချက်၊ ဘာကြောင့် ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးရတာလဲ စသည့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

စစ်ကိုင်းမြို့၌ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း (လူငယ်)ဆင့်ပွားသင်တန်းဖွင့်

စစ်ကိုင်း မတ် ၂၀

စစ်ကိုင်းခရိုင် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ကြီးမှူး၍ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း(လူငယ်)ဆင့်ပွားသင်တန်းဖွင့်ပွဲကို မတ် ၂၀ ရက်က စစ်ကိုင်းမြို့ မျက်မမြင်ကျောင်း၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ဆင့်က သက်ဆိုင်ရာဌာနအနေဖြင့် သဘာဝဘေးဖြစ်ပေါ်လာပါက ကာကွယ်ရေး၊ တုံ့ပြန်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ သိရှိအောင် သင်တန်းဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် စိတဝင်စားစွာ လေ့လာမှတ်သားသွားရန် ပြောကြားကာ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိက သင်တန်းဖွင့်လှစ်ပေးရခြင်းရည်ရွယ်ချက်များကို ပြောကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး သင်တန်းကို သုံးရက်ကြာ စာတွေ့/ လက်တွေ့သင်ကြားပေးမည် ဖြစ်ကြောင်း သိရသည်။

ဇော်မြင့်နိုင်

မြောင်းမြမြို့၌ ဝန်ထမ်းနှင့်ပြည်သူများကို စာအုပ်စာစောင်များ သွားရောက်ဌားရမ်းပေး

မြောင်းမြ မတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာကြည့်တိုက်သို့မအားလပ်၍ မလာရောက်နိုင်သော ဝန်ထမ်းများနှင့် ပြည်သူများ စာပေနှင့် စဉ်ဆက်မပြတ်စေရေးအတွက် စာအုပ်စာစောင်များ အဆင်ပြေပြေဌားရမ်းဖတ်ရှုနိုင်ရေး၊ စာဖတ်ရှိန် ပိုမိုမြှင့်မားလာစေရေးအတွက် ရွှေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် မတ် ၁၉ ရက်က စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်စိုက်ပျိုးရေး၊ သမဝါယမဦးစီးဌာနများသို့ သုတ/ရသ စာအုပ်၊ စာစောင်မျိုးစုံ ယူဆောင်၍ သွားရောက်ဌားရမ်းပေးခဲ့သည်။

ထိုသို့ စာအုပ်စာစောင်များဌားရမ်းပေးရာတွင် ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြနှင့် အသိပညာဗဟုသုတများစွာ ရရှိမည့် သုတ/ရသ စာအုပ်စာစောင်များ စုံလင်စွာ ဌားရမ်းပေးခဲ့ကြောင်း သိရသည်။

ဧယျာ (ပြန်/ဆက်)

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

နေပြည်တော် မတ် ၂၀

ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး စုပေါင်းမဟာဗျူဟာ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာထမ်းများနှင့် အမှုထမ်းများ တက်ရောက်ကြသည်။

ကာကွယ်ထိန်းသိမ်း

ဆွေးနွေးပွဲတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးက မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အရေးပါသည့် နယ်နိမိတ်ကို ပိုင်ဆိုင်ထားပြီး နိုင်ငံ၏လုံခြုံရေးကို နိုင်ငံသားများက တပ်မတော်နှင့်အတူပူးပေါင်း၍ ကာကွယ်ထိန်းသိမ်းရန် တာဝန်ရှိကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားတိုင်း ခံစားရမည့်အကျိုးခံစားခွင့်များ ရှိသကဲ့သို့ ထမ်းဆောင်ရမည့်တာဝန်များကိုလည်း ကျေပွန်ရန် လိုအပ်ကြောင်း၊ ယခုဆွေးနွေးပွဲ ကျင်းပရခြင်းမှာ ဝန်ထမ်းများကို မိမိနိုင်ငံတွင် ပြဋ္ဌာန်းထားသည့် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ သိရှိစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင်သာမက ကမ္ဘာ့နိုင်ငံကြီးများတွင်လည်း ပြည်သူ့စစ်မှုထမ်းဥပဒေကို လက်တွေ့ကျင့်သုံးလျက်ရှိပါကြောင်း၊ နိုင်ငံနှင့်လူမျိုးကို တိုင်းချစ်ပြည်ချစ်စိတ်နှင့်သာ ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ အချို့သတင်းမီဒီယာများက မဟုတ်မမှန်သတင်းမှားများ ဖော်ပြလျက်ရှိသည့်အတွက် သတိမွန်ကပ်ကြရန်နှင့် ပြည်အင်အားသည် ပြည်တွင်းတွင်သာရှိသည့်အတွက် မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ် ရှိကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ယင်းနောက် ကော်မရှင်ရုံး အမြဲတမ်းအတွင်းဝန်က ပြည်သူ့စစ်မှုထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဖွဲ့စည်းခြင်း တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပြီး နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိမှတ်ဖွယ်ရာများကို ပြောကြားသည်။ ထို့နောက် တက်ရောက်လာသည့် ဝန်ထမ်းများ၏ မေးမြန်းမှုများအပေါ် ကော်မရှင်အဖွဲ့ဝင် ဦးအောင်ဖြင့်လွင်က ဖြည့်စွက် ဆွေးနွေးဖြေကြားပြီး ကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားကာ ဆွေးနွေးပွဲကိုရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့်အဖွဲ့. ပြင်ဦးလွင်မြို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (VDP) ဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ပြင်ဦးလွင် မတ် ၂၀

မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးနှင့်တာဝန်ရှိသူများသည် ပြင်ဦးလွင်မြို့၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ဖြင့် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအပါအဝင် ကြီးကိုင်-အင်းထိပ်ဦး လမ်းပိုင်းနှင့် ထုံးဘို-နောင်လှိုင် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းများအား ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မန္တလေးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးနှင့်အတူ မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးအောင်မျိုးလွင်၊ မန္တလေးတိုင်းဒေသကြီးကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးကျော်ဇေယံလင်း၊ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးဇေယျာညိုနှင့် မြို့နယ်ဦးစီးမှူး တို့ပါဝင်သောအဖွဲ့သည် အင်းယားကျေးရွာအုပ်စု ကြီးကိုင်ကျေးရွာစာသင်ကျောင်းတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင် ငွေကျပ် ၁ ဒသမ ၅ သန်း စုစုပေါင်း ကုန်ကျငွေကျပ် ၁၆ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်သည့် Steel structure (15' x 10' X10) 250 LPH(RO) ရေသန့်စင်စက် ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော ကြီးကိုင်-အင်းထိပ်ဦး လမ်းကတ္တရာလမ်းခင်းခြင်း လုပ်ငန်း၊ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သော ထုံးဘို-နောင်လှိုင် ကျေးရွာချင်းဆက် ကတ္တရာလမ်းခင်းခြင်း လုပ်ငန်းအား ကွင်းဆင်းစစ်ဆေးခြင်း၊ ယင်းမှတစ်ဆင့် ပန်းဦးတောင် ကျေးရွာအုပ်စု ဆင်ဖြူအင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်း၊ ပြည်သူ ထည့်ဝင် ငွေကျပ် ၁ ဒသမ ၅ သန်း စုစုပေါင်း ကုန်ကျငွေကျပ် ၁၆ ဒသမ ၅ သန်းဖြင့် ဆောင်ရွက်သော Steel structure (15' x 10' x 10') 250 LPH (RO) ရေသန့်စက် ဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ခေတ်မီစံပြကျေးရွာထူထောင်ရေး လုပ်ငန်းအစီအစဉ်အရ ဆောင်ရွက်သည့် ရွာတွင်းကွန်ကရစ်လမ်းခင်းခြင်း (၇၄၂' x ၁၀' x ၆")၊ အုတ်စီရေမြောင်း ပြုလုပ်ခြင်း (၁၂၀၀ x ၁'x၁') ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်

ယင်းနောက် ပြင်ဦးလွင်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်သော တင်ဒါလုပ်ငန်းဖြစ်သည့် ဆင်လမ်း-ဆင်ဖြူအင်း-အုတ်ဖိုလမ်း ကတ္တရာခင်းခြင်း လုပ်ငန်းအား ကွင်းဆင်းစစ်ဆေးခဲ့ပြီး တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဖြူလူသစ်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၁-၃-၂၀၂၄ ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	ရန်ကုန်ပြင်	ရေနံချောင်းတောင်	ပဲခူး	ဧရာဝတီ	အောင်လံ	ရခိုင်	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	အင်းတွေ	မရမ်းကုန်း	ကသီ	ဆောက်တည်	ဗိုလ်ကြီးမင်း	ကလေး	ဟင်္သာတ
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၆၀၇	၂၆၉၂
95 Ron	၂၇၁၇	၂၈၀၅
HSD (500 ppm)	၂၃၁၉	၂၃၆၅
HSD (50 ppm)	၂၃၆၄	၂၄၄၀
HSD (10 ppm)	၂၃၆၄	၂၄၄၀

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အာဆင်နယ်အသင်းနှင့် နှစ်နှစ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုက်သည့် ခံစစ်ကစားသမား တိုမီယာဆု

အာဆင်နယ် အသင်းခံစစ်ကစားသမား တာကီဟိရိ တိုမီယာဆုသည် အမ်းမရိတ်၌ နှစ်နှစ် သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း သိရသည်။ လက်ရှိစာချုပ်သက်တမ်းမှာ ၂၀၂၅ ခုနှစ်တွင် ကုန်ဆုံးမည်ဖြစ်သော အသက် ၂၅ နှစ်အရွယ် ဂျပန်ကစားသမားသည် နောက်ထပ်တစ်နှစ် သက်တမ်းတိုးခွင့်အပါအဝင် ၂၀၂၆ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုလိုက်ခြင်းဖြစ်သည်။

တိုမီယာဆုသည် ၂၀၂၁ ခုနှစ်တွင် စီးရီးအေကလပ် ဘိုလော့ဂ်နာအသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ရောက်ရှိပြီးနောက် အသင်းအတွက် ပြိုင်ပွဲစုံ ၇၃ ပွဲ ပါဝင် ကစားထားသူဖြစ်သည်။ ထို့အပြင် ၎င်းသည် ယခုနှစ်ရာသီတွင် အာဆင်နယ်အသင်းအတွက် ပြိုင်ပွဲ အရပ်ရပ်ပွဲ ၂၀ ပါဝင်ကစားထားပြီး ၎င်း၏ ပထမဆုံးသွင်းဂိုးကို အောက်တိုဘာလက ရက်ဗီးလ်ကို ငါးဂိုးပြတ် အနိုင်ရရှိခဲ့သော ပရီမီယာလီဂ်ပြိုင်ပွဲတွင် သွင်းယူရရှိခဲ့သည်။ တိုမီယာဆုသည် မိခင်နိုင်ငံ ဂျပန်အသင်းအတွက်လည်း ၄၁ ပွဲ ပါဝင်ကစားထားသူဖြစ်သည်။ ထို့အပြင် အာဆင်နယ်အသင်းသည် လာမည့်လချုန်ပီယံလီဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် လည်း ဘွန်ဒက်စ်လီဂ် နာမည်ကြီး ဘိုင်ယန်မြူးနစ်အသင်း နှင့် ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်သည်။

အောင်ဧော်

ရေအသက် တစ်မနက်

ရေဟာ ရုက္ခသတ္တလောကတို့ရဲ့ အသက်အတွက် အခြေခံအရင်းအမြစ်ပဲ။ ကျွန်းမာရေးစားနပ်ရိက္ခာနဲ့ စီးပွားရေးဖွံ့ဖြိုးမှုတို့ရဲ့ ဇာစ်မြစ်ဖြစ်ပါတယ်။ ရေအသက် တစ်မနက် ဆိုသလို ရေမရှိပါက သစ်ပင်နဲ့သစ်တော မရှိနိုင်၊ တိရစ္ဆာန်နဲ့ လူတို့လည်း ရှိနိုင်မှာမဟုတ်။ စဉ်းစားကြည့်ရင် သဘာဝတရားကြီးဟာ လူသတ္တဝါအပေါင်းရဲ့ လိုအပ်ချက် ဖြစ်တဲ့ရေကို လူသားတို့အသက်ရှင်နိုင်ဖို့သာမက လူနဲ့လူပတ်ဝန်းကျင်မှာရှိတဲ့ သက်ရှိသက်မဲ့ အားလုံးအတွက် ဖြည့်ဆည်းလျက်ရှိနေတယ်လို့ ပြောနိုင်ပါတယ်။

ဒေါက်တာ မောင်ကျော်ပါမောက္ခချုပ် (ဧဋ္ဌမိုး)

"တောလမ်းတစ်လျှောက် ကျွဲနွားတွေသောက်တဲ့ ရေကန်တွေဟာ ယခင်ကလိုမဟုတ်၊ ခန်းခြောက်စ ပြုလာကြပြီး ညောင်ပင်အိုတို့မှ အရွက်တို့ကလည်း ကျွဲနွားစာအဖြစ် ရောက်လောက်အောင် အစာရေစာရှားပါးလာရခြင်းတို့မှာ ရေရှားပါး၊ မိုးခေါင်လာလို့ပါပဲ။ အပူပိုင်း ဒေသခံပြည်သူတို့ဟာ ရွှေကိုမလို ရေကိုသာ တမ်းတကြပါတယ်။ စက်မှုစက်ရုံတွေကလည်း မထွန်းကားလေတော့ ရေထုညစ်ညမ်းဖို့ဆိုတာ ပြောပလောက်တဲ့ အဆင့်မရှိပါဘူး။ ဈေးသွားဈေးပြန်တွေ သောက်သုံးဖို့ ဇရပ်တွေမှာရှိခဲ့တဲ့ ရေအိုးစင်တွေလည်း ကွယ်ပျောက်သွားလေပြီ။ ရေအကျိုးဆယ်ပါး မတောင်းပဲနဲ့ ပြည့်ဆိုတဲ့အတိုင်း၊ ရေလှူရှင်တွေရှိနေပေမယ့် အနီးတစ်ဝိုက်မှာ ရေတွေရှားလောက်အောင် မိုးခေါင်ခြင်း၊ မြေအောက်ရေနည်းပါးခြင်းတို့ဟာ အကြောင်းတရားပဲ ဖြစ်နေပါတယ်"

ကမ္ဘာ့မြေပြင်ရဲ့ ၇၀ ရာခိုင်နှုန်းဟာ ရေနဲ့လွှမ်းခြုံထားတော့ ရေဟာ ပေါကြွယ်ဝတယ်လို့ ထင်ရပါတယ်။ တကယ်တော့ ပင်လယ်ရေဟာ သောက်သုံးရေ၊ အိမ်သုံးရေနဲ့ စိုက်ပျိုးရေအဖြစ် တိုက်ရိုက်သုံးလို့ မရဘူးဆိုတာ လူအတော်များများ နားမလည်ကြပါဘူး။ ကမ္ဘာမှာ သဘာဝအလျောက် သောက်သုံးလို့ရတဲ့ ရေပမာဏဟာ ၂ ဒသမ ၅ ရာခိုင်နှုန်းပဲ ရှိပါတယ်။ ထုထည်အားဖြင့် သန်းပေါင်း ၃၅ ကုဗကီလိုမီတာ ရှိပါတယ်။ ဒီပမာဏဟာလည်း နေရာတကာမှာ ရနိုင်တာမဟုတ်၊ ဒီပမာဏရဲ့ ၅၀ ရာခိုင်နှုန်းကို ခုနစ်ဘီလီယံလူထုဟာ မျှဝေသုံးစွဲနေရသလို ဖြစ်ပါတယ်။

နောင်အနှစ် ၂၀-၃၀ကြာရင် ရေသုံးစွဲမှု ပမာဏဟာ ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်လာမယ်လို့ ခန့်မှန်းပါတယ်။ လူသတ္တဝါတွေရဲ့ သဘောသဘာဝအရ ရေကြည်ရာ မြက်နုရာဆိုသလို ရေကြွယ်ဝတဲ့ နေရာဒေသတွေကို ရွှေ့ပြောင်းလုပ်ကိုင်လိုကြတဲ့ ဆန္ဒရှိပါတယ်။ ဒါကြောင့် ရေအရင်းအမြစ်ပေါကြွယ်တဲ့ဒေသတွေက သုံးစွဲနိုင်တဲ့ ရေအရင်းအမြစ် အခြေခံအဆောက်အအုံတွေဟာ ရေအခက်အခဲနဲ့ ကြုံတွေ့လာနိုင်ဖွယ်ရှိပါတယ်။ ရေကို ချွေတာသုံးစွဲရမယ်ဆိုတာ သဘောပေါက်လာပါလိမ့်မယ်။

ရေဟာ သာမန် ဒြပ်ဝတ္ထုတစ်ခုကဲ့သို့မဟုတ်

ရေ ရဲ့ ဓာတုဗေဒသင်္ကေတက H_2O၊ လွန်စွာ ရှင်းလင်းတဲ့ဖော်မြူလာ ဖြစ်ပါတယ်။ ရေဟာ သာမန်ဒြပ်ဝတ္ထုတစ်ခုလို မဟုတ်တာကို လူတိုင်းနားလည်လိမ့်မှာ မဟုတ်။ အရောင်အဆင်း၊ အနံ့အရသာ မရှိပေမယ့် ရေကိုသောက်ချင်နေပါတယ်။ လူဦးနှေးဂဏန်းမှာ ရေဓာတ် ၇၅ ရာခိုင်နှုန်း၊ လူသွေးမှာ ၈၃ ရာခိုင်နှုန်း၊ အဆုတ်မှာ ၉၀ ရာခိုင်နှုန်း ရှိနေဖို့ လိုအပ်ပါတယ်။ သောက်သုံးရန်၊ ချက်ပြုတ်ရန်၊ သန့်စင်ခန်း၊ ရေချိုးရန်အတွက် လူတစ်ဦးချင်းနေ့စဉ်လိုအပ်ချက်မှာ ၂၅-၅၀ လီတာ ဖြစ်တယ်ဆိုတာ လူတိုင်းမသိလောက်ဘူး။ သိပ္ပံသဘော၊ ဓာတုဇီဝသဘော နားလည်ရင်ပဲဖြစ်စေ၊ နားမလည်ရင်ပဲ ဖြစ်စေ၊ လူနဲ့သတ္တဝါအပေါင်းဟာ ရေကို သောက်သုံးရမှန်း၊ ရေဟာ လွန်စွာအရေးကြီးမှန်း၊ ရေမရှိရင်မဖြစ်ဘူးဆိုတာ သိကြပေတယ်။

အပူကို အများဆုံးသိုလှောင်နိုင်

အပူစုပ်ယူနိုင်တဲ့ ပစ္စည်းတွေကတော့ ဒြပ်ဝတ္ထုပစ္စည်းများ အားလုံးပါပဲ။ သို့သော် ကမ္ဘာမြေကို ရေက ၇၀ ရာခိုင်နှုန်းနဲ့ ဖုံးလွှမ်းထားတော့ ရေဟာ အပူကို အများဆုံး သိုလှောင်နိုင်ပါတယ်။ အပူချိန်မြင့်လာတာနဲ့ ရေခိုးရေငွေ့အဖြစ် အပေါ်သို့ရောက်ပြီး ပြန်တက်သွားတဲ့ သဘောဟာ သဘာဝတရားပါပဲ။ မိုးတွေ ပို့ချွန်းလာခဲ့ပါတယ်။

မြန်မာတို့ဟာ ဧရာဝတီ၊ စစ်တောင်းနဲ့ သံလွင်မြစ်ကြီးသုံးသွယ် စီးဆင်းရာ လွင်ပြင်ကျယ်ကြီးရှိတာကြောင့် မိုးရာသီမှာ ရေစုတ္တရန်းကိုလိုမီတာ ခြောက်သောင်း (60,000 sqkm) ဖြင့် လွှမ်းခြုံနေပါတယ်။ နွေရာသီမှာသာ ရေရှားပါးမှုကို ကြုံရတတ်ပါတယ်။ မြန်မာပြည် မြို့ပြများမှာ စိတ်ချရတဲ့ သောက်သုံးရေဖူလုံမှုဟာ ၇၀ ရာခိုင်နှုန်းခန့်ရှိပြီး တောအရပ် ကျေးလက်ဒေသတွေမှာတော့ ၅၀ ရာခိုင်နှုန်း ရှိပါတယ်။ အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် မြန်မာတို့ဟာ သဘာဝရေ ရှားပါးမှုမရှိသေးဘူးလို့ ပြောနိုင်ပါတယ်။

ဧရာဝတီ၊ စစ်တောင်းနဲ့ သံလွင်မြစ်ကြီးတွေသာမက မြန်မာနိုင်ငံမှာရှိတဲ့ အချို့သောမြစ်လက်တက်တွေက ရနိုင်တဲ့ရေဟာ စိုက်ပျိုးရေးအတွက် အလွန်အဖိုးတန်လျက်ရှိပါတယ်။ မြစ်ရေဆိုတာ တောင်စွယ် တောင်တန်းကြီးတွေက စီးဆင်းလာတာပဲဖြစ်ပါတယ်။ မိုးရွာသွန်းခြင်း၊ ရေခဲတွေ အရည်ပျော်ခြင်းက မြစ်ထဲချောင်းထဲသို့ စီးဆင်းလာတာပဲ ဖြစ်ပါတယ်။ ဒီလိုစီးဆင်းလာတဲ့ လမ်းခုလတ်မှာ အင်းအိုင်ကြီးများ၊ ဆည်ကြီးများ အသွင်နဲ့ ထိန်းထားနိုင်ခြင်းဖြင့် မြေပေါ်မှာ ရေကောင်းရမယ်။ ထိုဆည်ကြီး၊ ရေအိုင်ကြီးများက မြေအောက်သို့ ယိုစီးဆင်းမယ်ဆိုရင် မြေအောက်ရေဟာ သောက်သုံးလို့ရတဲ့အဆင့် ဖြစ်ပါတယ်။

မြန်မာတို့ဟာ ကံကောင်းနေပါသေးတယ်။ ကမ္ဘာ့ရေရှားပါးမှုနဲ့ ကြုံတွေ့နေရတဲ့ နိုင်ငံပေါင်း ၂၅ နိုင်ငံရှိတဲ့အနက် နိုင်ငံ ၁၉ နိုင်ငံဟာ အာဖရိကတိုက်မှာ ရှိနေပါတယ်။ ၁ ဒသမ ၄ ဘီလီယံ ကမ္ဘာ့လူထုဟာ ရေကောင်းရေသန့်နဲ့ အလွမ်းမမိ ဖြစ်နေပါတယ်။ ရေမသန့်ရှင်းမှုရောဂါ (Waterborne Disease) ကြောင့် လူခုနစ်သန်းဟာ အသက်ဆုံးရှုံးလျက် ရှိပါတယ်။ ရေနဲ့ဆက်နွယ်တဲ့ ရောဂါပိုးမွှားကြောင့် အာဖရိကန်အများအပြားရဲ့ 'သေနှုန်း' ဟာ အမြင့်မားဆုံးဖြစ်ရတယ်လို့ ဆိုပါတယ်။

တကယ်တမ်း စစ်စစ်တွေးလေ ရေးရေးသာမြင်ကြမယ့် သူများဟာ အလကားနီးပါးရတဲ့ ရေနဲ့လေဟာ တန်ဖိုးကြီးမားကြောင်း မသိမြင်တာ အဆန်းတော့ မဟုတ်ပါဘူး။ ဒါ့ကြောင့် အလွန်တရာတန်ဖိုးကြီးတဲ့ သဘာဝကပေးတဲ့ လေနဲ့ရေ သန့်ရှင်းကြည်လင်ပြီး မည်စည်းမမီးစေဖို့ လူထုနဲ့ အဖွဲ့အစည်းတွေဟာ ရှေးရှု၊ ဂရုစိုက်လာကြတာ တွေ့ရပါတယ်။ မြို့ရွာတွေရဲ့ လေထုရေထုတွေ ဘယ်လောက် သန့်ရှင်းမှုရှိသလဲ၊ အဆိပ်အတောက် ဓာတ်ငွေ့တွေ၊ ပိုးသတ်ဆေးတွေ၊ အဆိပ်ဓာတ်ရှိတဲ့ လေးလံသတ္တု (Heavy Metals) တွေကို ဓာတ်ခွဲကာ ပြည်သူတို့အား အသိပေးနေတာတွေ့ရပါတယ်။ ရေနဲ့လျှပ်စစ် ခြိုးခြံချွေတာဖို့ ဆိုတာ အားလုံးကောင်းဖို့ နှိုးဆော်နေရပါတယ်။ ကျွန်တော်တို့တစ်တွေဟာ နေ့စဉ်နေ့တိုင်းလေကိုလီတာတစ်သောင်းနဲ့ နှစ်သောင်းကြားမှာ ရှူရှိုက်ပါတယ်။ လူတို့ဟာ နိစ္စရူဝကိစ္စတွေ လုပ်ကိုင်ကြရင်း အများအားဖြင့် ဂဏန်းပေါင်းစက်မှာ အာရုံစိုက်နေကြပါတယ်။ လိုအပ်တာ ထက် လောဘတွေကြီးနေပါတယ်။ လေဝအောင်ရှူဖို့၊ ရေသောက်ဖို့ အများစုဟာ မေ့နေတတ်ပါတယ်။

သိပ္ပံသဘော၊ ဓာတုဇီဝသဘော နားလည်သည်ဖြစ်စေ၊ နားမလည်သည်ဖြစ်စေ၊ လူနဲ့သတ္တဝါအပေါင်းဟာ ရေဟာ သောက်သုံးရမှန်း၊ ရေဟာ လွန်စွာအရေးကြီးကြောင်း ရေမရှိရင် မဖြစ်ဘူးဆိုတာ သိကြပေတယ်။ ရေကို ချွေတာသုံးစွဲရမယ်ဆိုတာ သဘောပေါက်လာပါလိမ့်မယ်။

စိတ်ပူခဲ့ရ

၁၉၆၀-၁၉၈၈ ခုနှစ်အတွင်း နွေရာသီ ကျောင်းပိတ်ရက်တွေမှာ မိဘရပ်ထံ ရထားနဲ့ ပြန်လေ့ရှိတဲ့ခေတ်ကို သတိရမိပါတယ်။ ရထားလမ်း၊ ကားလမ်းဘေး၊ ရထားရပ်နားချိန်မှာ ကလေးငယ်လေးတွေဟာ "ရေရမယ်၊ ရေရမယ်" ဆိုပြီး ခေါင်းပေါ် ရေအိုးလေးတွေရွက်ကာ ရေရောင်းတာတွေဟာ သတိရစရာ ဖြစ်ခဲ့ပါတယ်။ "ရေရမယ်၊ ရေရမယ်" လို့ တကြော်ကြော်အော်ပြီး ရေရောင်းနေတဲ့ ကလေးငယ်လေးတွေရဲ့ဘဝကို တစေ့တစောင်းကြည့်မိပါတယ်။ တစ်နေ့လုပ်တစ်နေ့စားဘဝနဲ့ ကျောင်းမတက်ရရှာဘဲ မိဘများကို ကူညီလုပ်ကိုင်ပေးနေရတယ်။ ကလေးငယ်တချို့ဆိုရင် ကျောင်းမတက်နိုင်ဘဲ ရေရောင်းရတဲ့ကိစ္စနဲ့ ဘဝကို ရုန်းကန်ခဲ့ရပါတယ်။

အိန္ဒိယနဲ့ အာဖရိကနိုင်ငံတွေမှာ မိသားစုအတွင်း ကလေးမိန်းကလေး တစ်ဦးဟာ နေ့စဉ် ရေကောင်းရေသန့် ရရှိဖို့ နှစ်မိုင်၊ သုံးမိုင် (၄-၇ ကီလိုမီတာ) ခန့် သွားရောက်ပြီး ရေခပ်ရတဲ့အလုပ်ကိုလုပ်နေရပါတယ်။ ဒီရေပြေသနာဟာ အမျိုးသမီးများနဲ့ မိန်းကလေးငယ်လေးများအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်နေပါတယ်။ ဒီပြဿနာဟာ ပညာမသင်နိုင်၊ ရောဂါထူပြောပြီး ဆင်းရဲတွင်းက ရုန်းမထွက်နိုင်တဲ့ သံသရာတစ်မျိုးပါပဲ။

၁၉၈၈ ခုနှစ်နောက်ပိုင်း တိုင်းရင်းသား လုပ်ငန်းရှင်တွေနဲ့ သောက်ရေသန့် ထုတ်တဲ့စက်ရုံတွေ ဖွဲ့ဖြိုးလာလို့ ဘယ်လို ခရီးပဲသွားသွား ပလတ်စတစ်ရေပုလင်းတွေကြောင့် ခရီးသွားပြည်သူဟာ အဆင်ပြေခဲ့ပါတယ်။ ရေရမယ်လို့ တကြော်ကြော်အော်ရောင်းတဲ့ ကလေးငယ်တွေဟာလည်း ရလာထားတဲ့ရထားဘေးက ပျောက်ကွယ်သွားကာ ကျောင်းနေဖို့ ဖြစ်လာတော့ တိုးတက်မှုကြီးဖြစ်ခဲ့ပါတယ်။

သမ္မာအာဇီဝလုပ်ငန်း

ပုဂံခေတ်ကစလို့ ရှေးမြန်မာဘုရင်များလက်ထက်မှာ ဆည်မြောင်းတာတမံတွေ တူးဖော်၊ မိုးခေါင်တဲ့ဒေသများမှာ ပင် ကိုယ်စားမယ့် ဆန်စပါးကိုစိုက်ပျိုးပြီး ကိုယ့်နိုင်ငံကိုတည်ထောင်၊ စေတီပုထိုးတွေတည်ထောင်၊ အလှူမင်္ဂလာတွေ ပေးနိုင်တာဟာ ပြောရရင် ရေအကြောင်းကို နားလည်လို့ပဲ ဖြစ်ပါတယ်။

လယ်ယာစိုက်ပျိုးရေးအတွက် ရေသုံးစွဲမှုမှာ ၇၀ ရာခိုင်နှုန်းရှိပါတယ်။ မိုးလေးတဖွဲ့ဖွဲ့ကျရင် တောင်သူလယ်သမားတို့ဟာ လယ်တောဆင်းဖို့ ပျော်ရွှင်နေကြတာကို တွေ့ရပါတယ်။ စွတ်စိုနေတဲ့ လယ်ယာ၊ ဗွက်ထနေတဲ့ လယ်ခင်းမှာ ပျိုးကြ၊ ပျိုးချ၊ ပျိုးစိုက်ရိတ်သိမ်း၊

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

စပါးလှေတဲ့တောင်သူလယ်လုပ်ငန်းခုတ်ဟာ၊ "သမ္မာအာဇီဝ"မှန်စွာသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်လို့ မူးယစ်ဆေးပါးထုတ်လုပ် ရောင်းဝယ်သူများနဲ့ မတူဘူး။

မြန်မာ့ တောင်သူလယ်သမားတို့ဟာ ရေနဲ့မြေကို "မ တည်" ဝိရိယနဲ့ ဉာဏ်ကိုရင်းနှီးပြီး ဘုရားကျောင်းကန်သွား၊ သီတင်းသီလ စောင့်ကြည့်ကြသူတွေဖြစ်တယ်။ ရာသီဥတုမိုးလေမှန်ရင် တစ်နှစ်လောက် နားနေလို့ရတဲ့ သူဌေးလေးတွေ ဖြစ်ပါတယ်။ နည်းပညာနဲ့ စက်မှုလယ်ယာတို့ကို ပေါင်းလိုက်ရင်၊ မွေးမြူရေးပါထည့်လိုက်ရင် အမေရိကန်၊ ဂျပန်နဲ့ ထိုင်းက လယ်သမားသူဌေးကြီးတွေလို ဖြစ်လာလိမ့်မယ်လို့ ပြောချင်ပါတယ်။ ရေနည်းနည်းနဲ့ အထွက်တိုးအောင်၊ အချိန်တိုတိုနဲ့ သီးထွက်ကောင်းအောင်၊ ပိုးမွှားဒဏ်ခံနိုင်တဲ့ သီးနှံပင်တွေ အလျှံပယ် ထွက်ပေါ်လာပါလိမ့်မယ်။

၂၀၅၀ မှာ ကမ္ဘာ့လူဦးရေဟာ ၁၀ ဘီလီယံကျော်မယ်လို့ ကုလသမဂ္ဂလူဦးရေနဲ့ ရန်ပုံငွေအေဂျင်စီက ခန့်မှန်းပါတယ်။ လူဦးရေ အလွန်အမင်း တိုးပွားမှုဟာ အစားအစာ၊ ရေကောင်းရေသန့်နဲ့ လျှပ်စစ်ဓာတ်အားတွေ ပိုရှာလိုအပ်မယ်ဆိုတာ ထင်ရှားပါတယ်။ နောင်အနှစ် ၂၀ ကျော်လာရင် အာဟာရပြည့်ဝတဲ့အစားအစာ၊ ရေနဲ့စွမ်းအင်တွေ ပိုလိုအပ်ပါမယ်။

နိုင်ငံတကာရဲ့ စံချိန်စံညွှန်းကတော့ စိုက်ပျိုးရေးအတွက် ရေလိုအပ်ချက် ရေအရင်းအမြစ်လိုအပ်ချက် ၆၀ မှ ၈၀ ရာခိုင်နှုန်းအထိရှိတယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံမှာတော့ ၈-၁၀ ရာခိုင်နှုန်းသာ ရေကိုသာ ရေသွင်းဆည်မြောင်းများမှ စိုက်ပျိုးရေးအတွက် သုံးနေပါသေးတယ်။ မြန်မာတို့ရဲ့ ရေအရင်းအမြစ်ဟာ စက်မှုနဲ့စိုက်ပျိုးရေးအတွက် ဖူလုံနေတယ်လို့ အဓိပ္ပာယ်ပေါ်ပါတယ်။ ရေဖူလုံတဲ့ မြန်မာတို့အတွက် အနာဂတ်မှာ ရေပြဿနာ အကြီးအကျယ်ပေါ်လာခဲ့ရင် မိုးရေကို မည်သို့မိထိန်း၊ မြစ်ချောင်းက ရေကို မည်သို့စုစည်း၊ မြစ်ရေကို ဘယ်လို နေရာချိုးမှာတင်ပြီး ဝမ်းစာဖူလုံရေးသာမက ကောက်ပဲသီးနှံမျိုးစုံစိုက်ရုံဖြင့် ချမ်းသာတဲ့လူမျိုး၊ ကျန်းမာတဲ့လူမျိုး ဖြစ်နိုင်ပါတယ်။

ဆည်မြောင်း တာတမံတွေဟာ ရေထိန်းဖို့၊ ရေတင်ဖို့ ဖြစ်ပါတယ်။ သောက်သုံးရေနဲ့ စိုက်ပျိုးရေဟာ နေရာအနှံ့နီးပါးရရနေသေးတဲ့ အနေအထား

ဖြစ်တာကိုတွေ့ရပါတယ်။ မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံဟာ ဆင်းရဲတွင်းက ရုန်းထွက်နိုင်ဖို့ ယနေ့အချိန်အခါမှာ ကျေးလက်တွေမှာ ဆည်ရေရရှိရေးကို အကြီးအကျယ် အားထုတ်ဆောင်ရွက်နေတာကို တွေ့ရပါတယ်။ မြန်မာတို့အတွက် မြစ်ကြီးသုံးသွယ်နဲ့ ဧရာဝတီမြစ်ရေတင်စီမံကိန်းတွေဟာ ယနေ့အချိန်အခါထိ အားရစရာကောင်းနေပါတယ်။ရေကောင်းရေသန့်နဲ့ အလွမ်းဓီလာပါတယ်။ မြန်မာနိုင်ငံ တောတောင်နေလူထုဟာ ရေကို ဒြိုးဒြိုချွေတာရလောက်အောင် အခက်အခဲ မရှိသလောက်ပါပဲ။

မြစ်ရေတင်စီမံကိန်းနဲ့ နွေစပါးစိုက်ပျိုးရေး

၁၉၉၉-၂၀၀၅ ခုနှစ်အတွင်းက မြန်မာတို့ဟာ ရေတွင်းရေကန်တွေ၊ ဆည်တွေမြောင်းတွေ အကြီးအကျယ် တည်ထောင်ပြီး ဒီဇယ်သုံးကာ စက်တွေမောင်း၊ မြစ်ရေတင်စီမံကိန်းနဲ့ နွေစပါးစိုက်ပျိုးရေးကို အကြီးအကျယ်ဆောင်ရွက်ခဲ့ရာ ဆန်ရေစပါး ပြည့်စုံခဲ့ပါတယ်။ မြစ်ရေတင်စီမံကိန်းနဲ့ နွေစပါးစိုက်ပျိုးရေးလုပ်ပါ။ နွေရာသီမှာ နွေစပါးကို စိုက်ပျိုးခဲ့လို့၊ နွေ၊ မိုး၊ ဆောင်းစိုက်ပျိုးခဲ့လို့ တောင်သူလယ်သမားတွေ ချောင်လည်ခဲ့ပါတယ်။ နွေ၊ မိုး၊ ဆောင်း စိုက်ပျိုးလို့ ရတဲ့နေရာတွေမှာ ရေသွင်းစိုက်ပျိုးလိုက်ပါ။ လိုအပ်တဲ့ စွမ်းအင်ကိုတော့ ကျောက်မီးသွေးသုံးပြီး လျှပ်စစ်ကို ထုတ်ပါ။ သူဌေးကြီး မဖြစ်ရင်တောင် "စပါးတောင်လို ပုံ" စွေးကောင်းတွေ ရကြဦးမှာ ဖြစ်ပါတယ်။

မြေအောက်ရေ နည်းပါးခြင်း မိုးခေါင်လာခြင်း

တောလမ်းတစ်လျှောက် ကျွဲနွားတွေသောက်တဲ့ ရေကန်တွေဟာ ယခင်ကလို မဟုတ်၊ ခန်းခြောက်စပြုလာကြပြီး ညောင်ပင်အိုတို့မှ အရွက်တို့ကလည်း ကျွဲနွားစာအဖြစ် ရောက်လောက်အောင် အစာရေစာ ရှားပါးလာရခြင်းတို့မှာ ရေရှားပါး၊ မိုးခေါင်လာလို့ပါပဲ။ အပူပိုင်းဒေသခံ ပြည်သူတို့ဟာ ရွှေကိုမလို ရေကိုသာ တမ်းတကြပါတယ်။ စက်မှုစက်ရုံတွေကလည်းမတွန်းကားလေတော့ရေထုညစ်ညမ်းဖို့ဆိုတာ ပြောပလောက်တဲ့ အဆင့်မရှိပါဘူး။ စွေးသွား စွေးပြန်တွေ သောက်သုံးဖို့ ဧရာဝတီမှာရှိခဲ့တဲ့ ရေအိုးစင်တွေလည်း ကွယ်ပျောက်သွားလေပြီ။ ရေအကျိုးဆယ်ပါး မတောင်းပဲနဲ့ပြည့်ဆိုတဲ့အတိုင်း၊ ရေအလှူရှင်တွေရှိနေပေမယ့် အနီးတစ်ဝိုက်မှာ ရေတွေ ရှားလောက်အောင် မိုးခေါင်ခြင်း၊ မြေအောက်ရေ နည်းပါးခြင်းတို့ဟာ အကြောင်းတရားပဲ ဖြစ်နေပါတယ်။

လူသာပမာန

အတ္တပရမ္မုမ္ဘတာတနဲ့ ရေကိုချွေတာသုံးစွဲဖို့ပါပဲ။ ရေကို ချွေတာသုံးစွဲရေးဟာ အခြားသောနိုင်ငံတွေမှာ ဥပမာ-စင်ကာပူ၊ ဩစတြေးလျှနိုင်ငံတွေရောက်ရင် ထမင်းစား ရေသောက်လုပ်သလို ရေကိုချွေတာရေး မေးမြန်းနေစရာ၊ ရှင်းပြနေစရာ မလိုလောက်ဘူး။ လူသာပမာနပါပဲ။

စက်မှုထွန်းကားတဲ့ နိုင်ငံတွေမှာ လူတစ်ဦးချင်း တစ်နေ့ရေသုံးစွဲမှုဟာ လီတာ ၅၀၀ မှ ၈၀၀ အတွင်းရှိပြီး ဖွံ့ဖြိုးဆဲနိုင်ငံမှာတော့ လီတာ ၆၀ မှ ၁၅၀ အတွင်းပဲ သုံးစွဲကြပါတယ်။ သံ၊ သံမဏိ တစ်တန်ထုတ်ရင် ရေလီတာ ခြောက်သောင်း၊ မော်တော်ကားတစ်စီး ထုတ်လုပ်ရင် ရေလီတာသုံးသောင်း သုံးစွဲရပါတယ်။ ဆန် စပါး တစ်ကီလို ဂရမ်ရဖို့စိုက်ပျိုးရေဟာ လီတာသုံးသောင်း၊ အမဲသား တစ်ကီလိုဂရမ်ရအောင် မွေးမြူရာမှာ ရေလိုအပ်ချက်တွေဟာ ရေလီတာ တစ်သောင်းခြောက်ထောင် ဖြစ်ပါတယ်။

ရေကို ချွေတာပါ

ဖြို့နေလူတန်းစားများကမူ ရေကို ချွေတာရလိမ့်မယ်။ ရေပုပ်၊ ရေညစ် မဖြစ်

ရအောင် အဝတ်လျှော် ဆပ်ပြာ၊ အိုးခွက်ပန်းကန်ဆေးရေကို ကြုံသလို ကိုယ်အဆင်ပြေရင်ပြီးရောဆိုတဲ့သဘောကို ရှောင်ရလိမ့်မယ်။ ရေထုမညစ်ညမ်းဖို့သာ ဂရုစိုက်ရပေမယ်။ ရေကို ငွေကြေးပေးပြီး တစ်ကိုယ်တော် ပေါပေါသီသီ သုံးရန်မသင့်၊ မျှဝေသုံးနိုင်ဖို့ ရေကို ချွေတာရလိမ့်မယ်။ စက်ရုံထွက် ရေညစ်ရေဆိုးတွေကို စနစ်တကျ စွန့်ကြဲရပေလိမ့်မယ်။ ရေကို မည်သို့ခြိုးခြံချွေတာသုံးရမယ်ဆိုတာကို အခြေခံပညာအဆင့် သင်ခန်းစာမှာ သင်ထားတဲ့အတိုင်း ဆောင်ရွက်ဖို့နဲ့ စက်ရုံ အလုပ်ရုံ မော်တော်ကား ဝပ်ရှော့တွေမှာ ရေနဲ့ လျှပ်စစ်သုံးစွဲခြင်း၊ ခြိုးခြံချွေတာခြင်းတို့အတွက် ဥပဒေတွေရှိပြီးဖြစ်ပါတယ်၊ ကိုယ်တိုင်လိုက်နာဖို့ပဲ။ စည်ပင်သာယာရေးအတွက် တာဝန်ရှိသူများဟာ လိုရင်လိုသလို ကြပ်မတ်ပေးလိုက်ရင် အားလုံး အဆင်ပြေလာပါလိမ့်မယ်။

မြန်မာတို့ရဲ့ ရေကို ညစ်ညမ်းစေမယ့် အိမ်တွင်းသုံး ရေစွန့်ပစ်မှု ၅၀ ရာခိုင်နှုန်း၊ ပိုးသတ်ဆေးကြောင့် ၈ ရာခိုင်နှုန်း၊ အဝတ်လျှော်ဆပ်ပြာကြောင့် ဖော့စဖိတ် မြင့်မားမှု ၁၂ ရာခိုင်နှုန်း၊ ရေတိုက်စားမှုကြောင့် ရေထုညစ်ညမ်းမှု ၂၅ ရာခိုင်နှုန်း အထိရှိနိုင်တာမို့ ဆင်ခြင်တတ်ဖို့ အသိပညာတွေကို တောရောဖြို့ပါမကျန် တတ်အောင်သင် လေ့ကျင့်ကြဖို့ ဖြစ်ပါတယ်။

မိုးကိုမျှော်ရုံနဲ့ ရေမရနိုင်

မြန်မာတို့အတွက် သဘာဝတရားကြီးက မြစ်ကြီးသုံးသွယ်ကို လက်ဆောင်မွန်အဖြစ် ပေးထားပါတယ်။ သို့သော် ပေးကားပေးဏ၊ ပညာနဲ့ဉာဏ်အမြော်အမြင်နည်းပါးရင် ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားနဲ့၊ ဒီဇယ်နဲ့၊ နေရောင်ခြည်သုံးပြီး မြစ်ရေတင်စီမံကိန်း လုပ်ရကောင်းမှန်းမသိရင် ဆင်းရဲတွင်းက တက်နိုင်ဖွယ်မမြင်။ ရံဖန်ရံခါဆိုသလို ဥတုရာသီဖောက်ပြန်မှု၊ အမျိုးမျိုးသော ဖောက်ပြန်မှုကြောင့် ရှိတဲ့သယံဇာတဟာလည်း သုံးမရ၊ ပညာမဲ့၊ နည်းပညာမဲ့ရင် ဆင်းရဲတွင်းမှာ နေဖို့ပဲကျန်ပါတော့တယ်။ မြန်မာနိုင်ငံရဲ့ မြစ်ချောင်း၊ အင်းအိုင်တွေ၊ တောင်ကျရေတွေကို ပိတ်ဆို့တားဆီးပြီး ရေကို အကျိုးရှိရှိသုံးတတ်ဖို့ပဲလိုပါတယ်။ ရေအားလျှပ်စစ်ထုတ်မယ်ဆိုရင် မြန်မာဟာ နှစ်အနည်းငယ်အတွင်းမှာ ချမ်းသာမှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုဟာလည်း မှန်မှန်ကန်ကန် ဖြစ်လာမယ်လို့ ပြောနိုင်ပါတယ်။

ကျွန်တော်တို့ဟာ ဧရာဝတီမြစ်ကြောင်း အရေးကြီးပုံအပါအဝင် ဧရာ

"မြန်မာတို့အတွက် သဘာဝတရားကြီးက မြစ်ကြီးသုံးသွယ်ကို လက်ဆောင်မွန်အဖြစ် ပေးထားပါတယ်။ သို့သော် ပေးကားပေးဏ၊ ပညာနဲ့ဉာဏ်အမြော်အမြင်နည်းပါးရင် ကျောက်မီးသွေးလျှပ်စစ်ဓာတ်အားနဲ့၊ ဒီဇယ်နဲ့၊ နေရောင်ခြည်သုံးပြီး မြစ်ရေတင်စီမံကိန်း လုပ်ရကောင်းမှန်းမသိရင် ဆင်းရဲတွင်းက တက်နိုင်ဖွယ်မမြင်။ ရံဖန်ရံခါဆိုသလို ဥတုရာသီဖောက်ပြန်မှု၊ အမျိုးမျိုးသော ဖောက်ပြန်မှုကြောင့် ရှိတဲ့သယံဇာတဟာလည်း သုံးမရ၊ ပညာမဲ့၊ နည်းပညာမဲ့ရင် ဆင်းရဲတွင်းမှာ နေဖို့ပဲကျန်ပါတော့တယ်။ မြန်မာနိုင်ငံရဲ့ မြစ်ချောင်း၊ အင်းအိုင်တွေ၊ တောင်ကျရေတွေကို ပိတ်ဆို့တားဆီးပြီး ရေကို အကျိုးရှိရှိသုံးတတ်ဖို့ပဲလိုပါတယ်။ ရေအားလျှပ်စစ်ထုတ်မယ်ဆိုရင် မြန်မာဟာ နှစ်အနည်းငယ်အတွင်းမှာ ချမ်းသာမှာ ဖြစ်ပါတယ်။ ဖွံ့ဖြိုးတိုးတက်မှုဟာလည်း မှန်မှန်ကန်ကန် ဖြစ်လာမယ်လို့ ပြောနိုင်ပါတယ်"

ဝတီမြစ်ရေဟာ တန်ဖိုးကြီးပုံ သိနေပါတယ်။ နည်းပညာမြင့်မားရင် မြစ်ကြီးသုံးသွယ်ကိုအကြောင်းပြုရင် ရေကြောင်းသွားလာရေးတွေ ဖော်ဆောင်နိုင်ပါတယ်။ ရေအားလျှပ်စစ်ထုတ်ရင် အမှောင်ထုကို ခွင်းနိုင်ပါလိမ့်မယ်။ မြန်မာ့သယံဇာတကတော့ တစ်ပုံတစ်ခေါင်းကြီးလို့ ပြောရလောက်အောင် မြန်မာနိုင်ငံအလယ်အူကြောင်းက ရေကြောကြီးပဲ။ အမြစ္စတိ စိုလျက်ရှိတဲ့ ဧရာဝတီမြစ်၊ စစ်တောင်းမြစ်နဲ့ အရှေ့ဘက်မြန်မာက သံလွင်မြစ်ကြီးတို့ပဲ။ ဒီမြစ်ကြီးသုံးသွယ်ဟာ မြန်မာတို့အတွက်ချမ်းသာဖို့ပဲ။ မြစ်ကြီးများ ဖြစ်လို့ ရေချိုလို့ခေါ်ပါတယ်။ စိုက်ပျိုးရေနဲ့ သောက်သုံးရေအထိ သုံးနိုင်တာမို့ ကမ္ဘာမှာတော့ စံချိန်လွန်ရေအရင်းအမြစ်ပဲ၊ သုံးတတ်ရင် အဖိုးအနှဲ့ညှတန်ပါတယ်။ နည်းပညာနည်းရင်တော့ ပင်လယ်ထဲစီးဆင်းသွားတာပဲ အဖတ်တင်ပါမယ်။ ဒါသိဖို့လိုပါတယ်။

ရေမြေ တောတောင်သယံဇာတ မြေပေါ်မြေအောက် သယံဇာတတွေ ပေါကြွယ်ဝနေတာမို့ ချမ်းသာနိုင်တယ်။ ပညာနဲ့အတတ်ပညာ အမြော်အမြင်ကြီးရင် ပိုပိုလို့ ချမ်းသာလိမ့်မယ်။ သယံဇာတ များများမရှိသော်လည်း အတတ်ပညာ၊ နည်းပညာပါတဲ့ လူ့အဖွဲ့အစည်းဟာလည်း ချမ်းသာနိုင်တယ်ဆိုတာ ကမ္ဘာကိုကြည့်ရင် မြင်တွေ့နိုင်ပါတယ်။ နည်းပညာ အတော်အသင့်သာလိုတဲ့ ကျောက်မီးသွေးသုံး လျှပ်စစ်စက်ရုံတွေကို မိုးများတဲ့ဒေသတွေမှာ ရဲရဲရင့်ရင့် တည်ဆောက်ပြီး စက်မှုလယ်ယာကို တည်ထောင်သင့်ပါတယ်။

ဒီဆောင်းပါးကို ဒီလို နိဂုံးချုပ်ချင်ပါတယ်။

- အခြေခံကျကျ လုပ်ရမည့်ကိစ္စက ရေကို ခြိုးခြံချွေတာသုံးစွဲဖို့နဲ့ ပြန်လည်သုံးနဲ့ အလီလီသုံးနိုင်တယ်ဆိုတဲ့စနစ်ကို ကျင့်သုံးနိုင်တာ ရေဖြစ်ပါတယ်။
- "ရေမကြွယ် ထင်းမကြွယ်" ဆိုတဲ့အတိုင်း ရေနဲ့ လျှပ်စစ်ဓာတ်ကို ခြိုးခြံချွေတာထုတ်လုပ်သုံးစွဲပါ။ ချွေတာစုဆောင်းသူဌေးလောင်းဆိုတာယုံပါ။
- "ရေကိုမဖြုန်းနဲ့ မညစ်ညမ်းစေနဲ့" ဆောင်ပုဒ်ကို လက်ကိုင်ထားပါ။
- ရေအသက် တစ်မနက် ဆိုတာ သတိရပါ။

မတ်လ ၂၂ ရက်နေ့မှာ ကျရောက်မယ့် "ကမ္ဘာ့ရေနေ့" ကို ပညာအမြော်အမြင် နည်းပညာအမြော်အမြင်နဲ့သာ အလှဆင်နိုင်လိမ့်မယ်လို့ ဆိုချင်ပါကြောင်း။ ။

ကံပိုင်တည်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကံပိုင်တည် ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် မတ်လကုန်သွယ်မှု လျာထားချက်မှာ ပို့ကုန် ဒေါ်လာ ၂၀ ဒသမ ၀၀ သန်းနှင့် သွင်းကုန် ဒေါ်လာ ၂ ဒသမ ၅၀ သန်းဖြင့် စုစုပေါင်း ဒေါ်လာ ၂၂ ဒသမ ၅၀ သန်း ဖြစ်သည်။

မတ် ၁၈ ရက်အထိ အမှန်ကုန်သွယ်မှုမှာ ပို့ကုန် ဒေါ်လာ ၂၂ ဒသမ ၅၉၃ သန်းနှင့် သွင်းကုန် ဒေါ်လာ ၂ ဒသမ ၁၀၉ သန်း စုစုပေါင်း ဒေါ်လာ ၂၄ ဒသမ ၈၅၅ သန်းဖြစ်သဖြင့် ကုန်သွယ်မှု လျာထားချက်အပေါ် ၁၁၀ ဒသမ ၆၀၁ ရာခိုင်နှုန်း ဆောင်ရွက်နိုင်ခဲ့သည်။

၂၀၂၄ ခုနှစ် မတ် ၁၇ ရက်မှ မတ် ၁၈ ရက်အထိ တစ်သ္ဃေ့ ၄က်ပျော တန် ၆၉၅၀၊ ရွှေဖရုံသီး ၂၆၂ တန်၊ ငရုတ်သီး ၁၁၇ တန်၊ ကြက်သွန်နီ ၂၀၄ တန်၊ သန့်စင်ပြီး သံမှုန့် ၅၆ တန်၊ စကျင်ကျောက်ဆင်းတု ၃၁ တန်နှင့် အင်ကြင်းကျောက် ၈ တန်တို့ တင်ပို့နိုင်ခဲ့သည်။

သွင်းကုန် ပစ္စည်းများမှာ သံကြိုးခွေ၊ Hollow Pipe၊ Iron Pipe၊ လိမ္မော်သီးနှင့် လူသုံးအဝတ်အထည်များဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုပစ္စည်း ၁၅၄ ဒသမ ၄၉ တန်၊ လုပ်ငန်းသုံးပစ္စည်း ၁၄ ဒသမ ၆ တန်နှင့် လူသုံးကုန်ပစ္စည်း ၁၅၆ ဒသမ ၄ တန်တို့ တင်သွင်းနိုင်ခဲ့သည်။

ဆိပ်ဖြူမြို့နယ်၌ ဆောင်းကုလားပဲသီးနှံစိုက်တောင်သူများ အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်အတွင်းရှိ ဆိပ်ဖြူမြို့ အနောက်ပိုင်း ရွာသစ်ရပ်ကွက်နှင့် ကိုးထောင့်၊ အောက်ဆိပ်၊ ချင်တောင်၊ မြင်ကဝ၊ ငွေးပင်၊ ကူရှည်၊ အလယ်စု/ရွာမ၊ လိပ်ခြံအုပ်စု အတွင်းရှိ ကျေးရွာများ၌ စိုက်ပျိုးရေးကို အခြေခံ၍ သီးနှံမျိုးစုံ နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ကုလားပဲသီးနှံများကို ဒုတိယအများဆုံး စိုက်ပျိုးလျက်ရှိကြောင်း၊ ဆောင်းသီးနှံ ကုလားပဲကို မြစ်ရေဝင် ကိုင်းကျွန်းမြေများ၊ ကြက်သွန်ခင်းကျွတ်များ၊ လယ်ကွဲမြေစပါးခင်း ကျွတ်များတွင် နှစ်စဉ်စိုက်ဧက ၃၀၀၀ ခန့် စိုက်ပျိုးပြီး စိုက်ပျိုးသည့်မျိုးအနေဖြင့် ထိုင်ဝမ် ကုလားပဲလုံးကြီး(အဖြူ)မျိုးကို အများဆုံး စိုက်ပျိုးကြကြောင်း၊ ကုလားပဲသီးနှံသည် စိုက်ပျိုးရာတွင် လွယ်ကူပြီး ကုန်ကျစရိတ်နည်း၍ အထွက်နှုန်း ကောင်းမွန်ခြင်းအပြင် စျေးကွက်ခိုင်မာမှုရှိသည့်အတွက် ဘဏ္ဍာနှစ် ၂၀၂၃-၂၀၂၄ တွင် စိုက်ဧက ၄၀၀၀ ခန့်အထိ တိုးချဲ့စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဆောင်းကုလားပဲသီးနှံကို အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် စိုက်ပျိုးပြီး ဧဖေဗော်ဝါရီလနှင့် မတ်လတွင် ရိတ်သိမ်းကြကြောင်း၊ ကုလားပဲသီးနှံကို မြေအောက်ရေတင်စနစ်ဖြင့် စိုက်ပျိုးကြပြီး စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်အနေဖြင့် ကျပ် ၆၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၂၀-၂၂ တင်းထွက်ရှိပြီး သီးနှံပေါ်ချိန်၌ ဒေသတွင်း ကုလားပဲစျေးကွက်တွင် ကုလားပဲတစ်တင်းလျှင် ကျပ် ၈၂၀၀၀ ဖြင့် ရောင်းချရ၍ ဝင်ငွေကျပ် ၁၆၄၀၀၀၀ ခန့် ရရှိပြီး ကျပ် ၁၀၄၀၀၀၀ ခန့် အမြတ်ရရှိကြောင်း ဒေသခံတောင်သူတစ်ဦးထံမှ သိရသည်။

ကုလားပဲသီးနှံသည် သီးနှံပေါ်စမှ ရာသီကုန်ချိန်အထိ စျေးကွက်ခိုင်မာမှုရှိ၍ သီးနှံပေါ်စအချိန် ဖေဖော်ဝါရီလလယ်တွင် ကုလားပဲတစ်တင်းလျှင် ကျပ် ၈၈၀၀၀ ပေါက်စျေးရှိပြီး စျေးကွက်၌ ပြည်တွင်းဝယ်လိုအား နည်းပါး၍ တစ်တင်းလျှင် ကျပ် ၇၈၀၀၀ အထိ စျေးနှုန်း ကျဆင်းခဲ့ရာ မတ်လ ဒုတိယပတ်တွင် လှောင်လက်သမားများ အဝယ်လိုက်လာ၍ ကုလားပဲအုပ်စုစျေးနှုန်း အနည်းငယ်မြင့်တက်လာပြီး တစ်တင်းလျှင် ကျပ် ၈၂၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ယခုနှစ်တွင် ကုလားပဲစျေးနှုန်း အနည်းငယ် ကျဆင်းသော်လည်း အထွက်နှုန်းကောင်းမွန်၍ ကုလားပဲစိုက်တောင်သူများ အကျိုးအမြတ်ရရှိသောကြောင့် စျေးနှုန်းစျေးကွက် ခိုင်မာမှုရှိသော ကုလားပဲသီးနှံကို တောင်သူများ တိုးချဲ့စိုက်ပျိုးလာကြကြောင်း သိရသည်။

DOCA (မကွေး)

ဂျပန်ပဲယင်း(နီ)သီးနှံ စိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်သည် စိုက်ပျိုးရေးကို အဓိကထား၍ လုပ်ကိုင်ကြပြီး ရွာသစ်ရပ်ကွက်ရှိ တောင်သူများသည် ကိုင်းကျွန်းမြေများတွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် ပြည်ပဝယ်လိုအားကောင်းပြီး စျေးကွက်ခိုင်မာလျက်ရှိသော ဂျပန်ပဲယင်း(နီ)သီးနှံများကို တောင်သူများအနေဖြင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးလျက်ရှိကြောင်း၊ ရွာသစ်ရပ်ကွက်ရှိ တောင်သူများသည် ကြက်သွန်နီ၊ မြေပဲ၊ ပဲမျိုးစုံ စသည့်သီးနှံများကို အဓိကထားစိုက်ပျိုးကြပြီး ဂျပန်ပဲယင်း(နီ) သီးနှံကို စိုက်ဧကအနည်းငယ်သာ စိုက်ပျိုးထားရှိကြောင်း၊ စိုက်ပျိုးရာတွင်လွယ်ကူ၍ ကုန်ကျစရိတ်သက်သာသော ဂျပန်ပဲယင်း(နီ) သီးနှံကို ယခုနှစ်တွင် ပိုမိုတိုးချဲ့စိုက်ပျိုးထားရှိကြောင်း သိရသည်။

ဂျပန်ပဲယင်း(နီ)များကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး မတ်လတွင် ရိတ်သိမ်းလျက်ရှိကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် ပဲယင်း (နီ) တစ်ဧကလျှင် ကျပ် ၅၀၀၀၀၀ ခန့်, ကုန်ကျ၍ တစ်ဧကလျှင် တင်း ၃၅-၄၀ ထွက်ရှိရာ ယခုနှစ်တွင် ရေမြေရာသီဥတု ကောင်းမွန်ခြင်းကြောင့် တစ်ဧကလျှင် ပျမ်းမျှအထွက် တင်း ၄၀ ခန့်ရှိကြောင်း၊ စျေးနှုန်းအနေဖြင့် ဒေသပေါက်စျေးမှာ ပဲယင်း(နီ)တစ်တင်းလျှင် ကျပ် ၆၈၀၀၀ ဖြင့် ရောင်းချရပြီး ဝင်ငွေအနေဖြင့် ဂျပန်ပဲယင်း(နီ) တစ်ဧကလျှင် ကျပ် ၂၇၂၀၀၀၀ ခန့်ရရှိကာ ကျပ် ၂၂၂၀၀၀၀ ခန့် အမြတ်ရရှိခဲ့ကြောင်း၊ ယခုနှစ်တွင် ဂျပန်ပဲယင်း(နီ) စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

DOCA (မကွေး)

ရွှေဘိုချေးကွက်၌ ပဲစင်းငုံ(နီ)များ ပုံမှန်အရောင်းအဝယ်ဖြစ်လျက်ရှိ

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုစျေးကွက်သို့ ဇန်နဝါရီလ ဒုတိယပတ်မှ စတင်၍ ပဲစင်းငုံ(နီ/ဖြူ) များ စတင်ဝင်ရောက်ခဲ့သော်လည်း မတ်လ ဒုတိယပတ်တွင် ပဲစင်းငုံ (နီ) တစ်မျိုးတည်းသာ ဝင်ရောက်ခဲ့ကြောင်း၊ မတ်လ ဒုတိယပတ်တွင် အရောင်းအဝယ်ဖြစ်သည့် စျေးနှုန်းအနေဖြင့် ပဲစင်းငုံ(နီ) တစ်တင်းလျှင် ကျပ် ၁၂၀၆၀၀ ပေါက်စျေးရှိပြီး တစ်ပတ်အတွင်း တင်း ၄၅၀၀၊ တန်အားဖြင့် ၁၄၇ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ မတ်လ ပထမပတ်နှင့် မတ်လ ဒုတိယပတ် စျေးနှုန်းများ နှိုင်းယှဉ်ပါက မတ်လ ပထမပတ်၌ ပဲစင်းငုံ(နီ) တစ်တင်းလျှင် ကျပ် ၁၅၅၀၀ ပေါက်စျေးရှိခဲ့ပြီး မတ်လ ဒုတိယပတ်တွင် ပဲစင်းငုံ(နီ) တစ်တင်းလျှင် ကျပ် ၄၄၀၀ လျော့နည်းခဲ့ပြီး ဝင်ရောက်သမျှ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ DOCA (စစ်ကိုင်း)

၂၀-၃-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး စျေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ဝိဿာ) | | စားဖိုဆောင်သုံး (တစ်ဝိဿာ) | | |

ဘူးသီးတောင်မြို့ရှိ ရပ်ကွက်/ကျေးရွာများမှ ဘင်္ဂါလီလူမျိုးများက ရခိုင်ပြည်နယ်ရှိ မြို့၊ ရွာများအတွင်း တိုက်ပွဲဖော်ဆောင်နေသော AA အကြမ်းဖက်သောင်းကျန်းသူများအား အလိုမရှိဟု ငြိမ်းချမ်းစွာဆန္ဒဖော်ထုတ်

နေပြည်တော် မတ် ၂၀

ရခိုင်ပြည်နယ်အတွင်း ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် အဖျက်အမှောင့်လုပ်ရပ်များကိုသာ စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိသည့် AA အကြမ်းဖက်သောင်းကျန်းသူများသည် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရန်နှင့် ဒေသခံများ၏ လူမှုစီးပွားဘဝများ ပျက်စီးဆုံးရှုံးစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် ပြည်သူများနေထိုင်ရာ မြို့၊ ရွာ၊ ရပ်ကွက်များအား တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ သာသနိက အဆောက်အဦများနှင့် စာသင်ကျောင်းများအတွင်းသို့ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသောကြောင့် ၎င်းတို့၏လုပ်ရပ်များအား ဒေသခံပြည်သူများအနေဖြင့် လုံးဝလက်ခံနိုင်မှုမရှိဘဲ ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုတ်ချလျက်ရှိသည်။

ထိုသို့ ကန့်ကွက်ရှုတ်ချလျက်ရှိရာ မတ် ၁၉ ရက်မွန်းလွဲ ၃ နာရီခန့်တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့ရှိရပ်ကွက်/ကျေးရွာများမှ ဒေသတည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ဘင်္ဂါလီလူမျိုးအင်အား ၂၀၀၀ ကျော်သည် အဆိုပါမြို့ရှိ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့၌ စုဝေးပြီး ၎င်းစုရပ်နေရာမှ မေယုလမ်းမကြီး – နတ်ပင်ရင်းလမ်းဆုံ – ဦးဥတ္တမလမ်းနှင့် နာရီစင်လမ်းဆုံအတိုင်း ငြိမ်းချမ်းစွာစီတန်းလှည့်လည်ချီတက်၍ ဆန္ဒဖော်ထုတ်ကြကာ ညနေ ၆ နာရီခန့်တွင် အေးချမ်းစွာ လူစုခွဲခဲ့ကြသည်။

ချီတက်ရာ လမ်းတစ်လျှောက်တွင် **"AA အလိုမရှိ၊ တိုက်ပွဲအလိုမရှိ၊ ဘူးသီးတောင်မြို့ကို ကာကွယ်ကြ၊ ကျွန်ုပ်တို့သည် ပြည်တွင်းစစ်ကိုမလိုလားပါ၊ ဒီနေရာတွင် မည်သည့်စစ်ပွဲမှ မပြုလုပ်ရ"** စသည့် ကြွေးကြော်သံများကို မြန်မာ/ဘင်္ဂါလီ နှစ်ဘာသာဖြင့် သံပြိုင်ကြွေးကြော်ခဲ့ကြပြီး ဆန္ဒထုတ်ဖော်ပွဲကို အောင်မြင်စွာ ကျင်းပခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

TNLA အဖွဲ့၏ ဖမ်းဆီးခြင်းခံရပြီး စစ်သင်တန်းတက်ရောက်လိုခြင်းမရှိဘဲ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်

နေပြည်တော် မတ် ၂၀

TNLA အဖွဲ့များသည် ဒေသခံတိုင်းရင်းသား လူငယ်များကို အတင်းအမမ္မ ဖမ်းဆီးခေါ်ဆောင်ကာ စစ်သင်တန်းများ တက်ရောက်စေပြီး စစ်မှုတာဝန်များ ထမ်းဆောင်စေခြင်းကြောင့် သောင်းကျန်းသူအဖွဲ့တွင် တာဝန်ထမ်းဆောင်လိုခြင်းမရှိသော တိုင်းရင်းသားလူငယ်များ ထွက်ပြေးတိမ်းရှောင်လျက်ရှိသည်။

ထိုသို့ TNLA အဖွဲ့၏ ဖမ်းဆီးခြင်းခံရပြီး စစ်သင်တန်း တက်ရောက်လိုခြင်းမရှိဘဲ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသား လူငယ်များကို ၎င်း၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူးဗိုလ်ချုပ် စိုးတင့်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မိ မြို့ဖများ၊ ထွက်ပြေးလွတ်မြောက်လာသည့် ဒေသခံတိုင်းရင်းသားလူငယ်များ နှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသား လူငယ် သုံးဦးကို တစ်ဦးလျှင် ကျပ်ဆယ်သိန်းစီ ထောက်ပံ့ပေးအပ်ရာ တိုင်းရင်းသားလူငယ်များက အသီးသီးလက်ခံရယူကြပြီး ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံပေးခဲ့ရာ မိဘအုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒေသခံတိုင်းရင်းသား လူငယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

တိမ်အသင့်အတင့် ဖြစ်ထွန်းနေ

နေပြည်တော် မတ် ၂၀ – ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းနှင့် အနောက်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ **မိုး/ဧလ**

မန္တလေးအသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၂၀

မန္တလေးအသင်း(ရန်ကုန်)၏ (၄၇)ကြိမ်မြောက် နှစ်ပတ်လည်စုံညီအစည်းအဝေးနှင့် (၄၈)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ယမန်နေ့က ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်း Royal Riverview Condo ရှိ အသင်းခန်းမ၌ ပြုလုပ်ရာ သဘာပတိ မန္တလေးအသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဦးကျော်စိုက အမှာစကားပြောကြားသည်။

ထို့နောက် အသင်းအတွင်းရေးမှူး(၁) ဦးဇော်မြင့်ဝင်းက ၂၀၂၃ ခုနှစ် အသင်းအမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြ၍ အတည်ပြုချက်ရယူသည်။ ဆက်လက်၍ ဘဏ္ဍာရေးမှူး ဒေါ်ခင်ဌမ္မာအောင်က ဘဏ္ဍာရေးရှင်းတမ်းကိုလည်းကောင်း၊ တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်ညီညီခင်က အသင်း၏ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း ဖတ်ကြားတင်ပြကြသည်။ ထို့နောက် မန္တလေးချမ်းသာကြီးအသင်းသို့ ဆွမ်းဆန်တော်အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။ ယင်းနောက် အသင်းဥက္ကဋ္ဌ ဦးကျော်စိုက နိဂုံးချုပ်စကားပြောကြားသည်။

ယနေ့ပြုလုပ်သည့် အစည်းအဝေးမစတင်မီ (၄၈) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ပြုလုပ်ရာ အသက် ၇၅ နှစ်နှင့်အထက် ရန်ကုန်ရောက် မန္တလေးသက်ကြီး အဘိုး အဘွား ၃၀ တို့ကို အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့ဝင်များက ဂါရဝပြုကန်တော့ကြသည်။ **မျိုးမင်းသူရ**

မြန်မာ့အလင်း

စာတည်းမှူးချုပ်	–	အောင်နိုင်ဦး
စာတည်းမှူး	–	မြင့်စိုး
သတင်းထောက်မှူး	–	ခင်ရတနာ
စာတည်းများ	–	ကြည်ဝင်း၊ ဝင်းကျော်
ဘာသာပြန်	–	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
စာတည်း		
အကြီးတန်း	–	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊
သတင်းထောက်များ		ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အယ်ဒီတန်း	–	ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
သတင်းထောက်များ		
ဓာတ်ပုံ	–	တင်စိုး
သတင်းထောက်		
သုတေသန	–	အိအိခင်နှင့် အဖွဲ့
စာပြင်	–	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	–	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	–	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	–	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	–	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်–စာတည်းမှူး ၀۹۷–၃۹۵၁၂၂၂၊ စာတည်းအဖွဲ့ ၀۹۷–၃۹۵၁၄۷၊ ဖက်စ် ၀۹۷–၃۹۵၁၄۷၊ ရန်ကုန်ရုံးခွဲ– အမှတ်(၇၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့ ၀၁–၅۹۶۶۲۰۶၊ မန်နေဂျာ ၀၁–۵۹۶۶۲۰۶၊ ဦးမဲ ၀၁–۵۹۶۶۲۰۶၊ ရွေစောရင်း ၀၁–۵۹۶۶۲۰۶၊ ကြေးခြေ ၀၁–۵۹۶۵۷۲۰۶၊ ၀၁– ۵۵۵۲۰۶၊ Fax ၀၁–۵۹۶۶۲۲۰၊ ၀۹۷–۵۹۶۲۰۶၊ မြန့်ချိုရေး ၀၁–۵۹۶۶۲۰۶၊ Fax ၀၁–۵۹۶۰۶۵۹۶။

MYANMAR Digital News

ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၀ – ၃ – ၂၀၂၄

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၂၄၃၅ ကျပ်	၂၄၈၅ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၂၄၈၀ ကျပ်	၂၅၃၀ ကျပ်
အောက်တိန်း ၉၂	၂၇၃၀ ကျပ်	၂၇၈၀ ကျပ်
အောက်တိန်း ၉၅	၂၈၄၅ ကျပ်	၂၈၉၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ – စုစည်းသည်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရယ်ယာစောင်ရေ	ရယ်ယာတန်ဖိုး (ကျပ်)
FMI	၈၄၀၀	၈၅၀၀	၁၀၅၂	၈၇၉၁၈၀၀
MTSH	၂၉၀၀	၂၈၅၀	၁၉၃၇	၅၅,၄၅၅,၀
MCB	၇၄၀၀	၇၈၀၀	၃	၂၃,၀၀
FPB	၁၄,၅၀	၁၅,၀၀	၇,၅၄,၂	၁၀,၉,၆,၀,၀
TMH	၂,၉,၀	၂,၉,၀	၁	၂,၉,၀
EFR	၁,,,၀	၁,,,၀	၁၁	၁,,,၀
AHPC	၄,,,၀	,,,

ပြည်သူ့စစ်မှုထမ်းဥပဒေကြောင့် နယ်စပ်နှင့် ပြည်ပသို့ ထွက်ခွာသူများပြားနေကြောင်း ကောလာဟလသတင်းအမှားများကို ဝါဒဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်သူ့စစ်မှုထမ်းဥပဒေအား ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ကြောင်း သတ်မှတ်သည့် အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့သည့်အတွက် ပြည်သူများ နယ်စပ်နှင့် ပြည်ပသို့ ထွက်ခွာသူများပြားနေကြောင်း ကောလာဟလ သတင်းအမှားများကို ပြည်ဖျက် NUG အဖွဲ့မှ ပြည်သူများကို ထင်ယောင်ထင်မှားဖြစ်စေရန်အတွက် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါကောလာဟလသတင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်အလို့ငှာ နိုင်ငံသူ၊ နိုင်ငံသားတိုင်း စစ်ပညာသင်ကြားတတ်မြောက်ပြီး နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ကြမည်ကို ပြည်ဖျက် NUG အဖွဲ့မှ မနာလိုမရှုဆိတ်ဖြင့် အဖျက်သဘောဆောင်ကာ နိုင်ငံသူ၊ နိုင်ငံသားများ၏ နိုင်ငံချစ်စိတ်၊ ဗျိုးချစ်စိတ်များကို မဟုတ်မမှန် ကောလာဟလ သတင်းများဖြင့် ထင်ယောင်ထင်မှား ဖြစ်စေရန် လည်းကောင်း၊ အကြမ်းဖက်အဖွဲ့ အစည်းများသို့ လူငယ်လူရွယ်များ ဝင်ရောက်လာစေရန် စည်းရုံး သိမ်းသွင်းနေခြင်းသာ ဖြစ်သည်။

ထို့အပြင် အကြမ်းဖက်အဖွဲ့ အစည်းများကလည်း **တောမီး လောင်တောကြောင်လက်ခမောင်း ခတ်** ဆိုသကဲ့သို့ နိုင်ငံရေးသဘောထားကွဲလွဲမှုများကြောင့် ဖြစ်ပေါ်နေသည့်ပဋိပက္ခများကို အခွင့်ကောင်းယူ၍ ပြည်သူများကို ဒရန်ဟုစွပ်စွဲ၍ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ နေအိမ်များကို မီးရှို့ဖျက်ဆီးခြင်းနှင့် အများပြည်သူ အသုံးပြုသွားလာနေသည့် လမ်းများပေါ်တွင် မိုင်းထောင်ထားရှိခြင်း စသည့် အကြမ်းဖက် လုပ်ရပ်များဖြင့် ပြိုမှုလုပ်ဆောင်လျက်ရှိရာ ယခုအခါတွင်လည်း နိုင်ငံ့ဝန်ထမ်းများ၊ အုပ်ချုပ်ရေး တာဝန်ရှိသူများဖြစ်ကြသည့် သက်ဆိုင်ရာ စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များမှ တာဝန်ရှိသူများကို ခြိမ်းခြောက်အကျပ်ကိုင်လျက်ရှိသည်။

ထို့ကြောင့် တရားမဝင် ပြည်ဖျက်မီဒီယာများနှင့် အကြမ်းဖက်အဖွဲ့အစည်းများသည် နိုင်ငံသူ၊ နိုင်ငံသားများ ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားတတ်မြောက်မှုမရှိစေရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ခြင်း မရှိစေရန် လုပ်ကြံသတင်းများ၊ ကောလာဟလသတင်းများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ ဝါဒဖြန့်ဝေလျက်ရှိရာ နိုင်ငံတော်အစိုးရအနေဖြင့် လည်း ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သတင်း အချက်အလက်များကို နိုင်ငံပိုင် မီဒီယာများမှတစ်ဆင့် စစ်မှုထမ်းဆိုင်ရာ အသိပညာပေး သတင်းများ၊ ထုတ်လွှင့်ချက်များကို စဉ်ဆက်မပြတ် ထုတ်လွှင့် အသိပေးလျက်ရှိပြီး https://mod.gov.mm/node/74 တို့တွင်လည်း ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ပါကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအချို့တွင် စစ်မှုထမ်းစာရင်းများ ကောက်ခံရာတွင် အမျိုးသမီးများကိုပါ ကောက်ခံလျက်ရှိကြောင်း ကောလာဟလ သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအချို့တွင် စစ်မှုထမ်းစာရင်းများ ကောက်ခံရာတွင် အမျိုးသမီးများကိုပါ ကောက်ခံလျက်ရှိကြောင်း ကောလာဟလ သတင်းတု၊ သတင်းအမှားများကို ပြည်သူများ စိုးရိမ်စိတ်များဖြစ်ပေါ်စေရန် တရားမဝင် ပြည်ဖျက်မီဒီယာများက လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို ရပ်ကွက်၊ ကျေးရွာများသို့ကွင်းဆင်းဆောင်ရွက်၍ အသိပညာပေးဆွေးနွေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို ပြည်သူများသိရှိနိုင်စေရေးအတွက် စနစ်တကျ လုပ်ဆောင်ပေးလျက်ရှိကြောင်းနှင့် အမျိုးသမီးများ ပြည်သူ့စစ်မှုထမ်းဥပဒေကို စတင်အကောင်အထည်ဖော်ရာ၌ လတ်တလောတွင် အမျိုးသမီးများကို စစ်မှုထမ်းရန်အတွက် ခေါ်ယူရန်အစီအစဉ်မရှိသေးကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိရှိလိုသည်များကို https://mod.gov.mm/ node/74 တွင် လေ့လာနိုင်ကြောင်းတို့ကို Mobile ဖုန်းများသို့ SMS(စာတို ပေးပို့ခြင်း) ဝန်ဆောင်မှုများဖြင့် အများပြည်သူထံသို့ ပေးပို့အသိပေးခြင်း ဆောင်ရွက်ခဲ့ပြီးဖြစ်သော်လည်း တရားမဝင်ပြည်ဖျက်မီဒီယာများမှ အရှက်ဂုဏ်သိက္ခာ ကင်းမဲ့စွာ လုပ်ကြံဖန်တီးရေးသားနေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

စစ်မှုထမ်းဆိုင်ရာနှင့်ပတ်သက်၍ လူအချို့မှ ငွေတောင်း၍ လိမ်လည်မှုပြုလုပ်လျက်ရှိကြောင်း သိရှိရပြီး ပြည်သူများအနေဖြင့် လိမ်လည်မှုများမှ ရှောင်ရှားနိုင်ရန်နှင့် အခြေအမြစ်မရှိသည့် သတင်းအမှားများကြောင့် လူငယ်လူရွယ်များ လမ်းမှားမရောက်စေရန်အတွက် စစ်မှုထမ်းဆိုင်ရာသတင်းများ သိရှိနားလည်စေရေး နိုင်ငံပိုင်မီဒီယာများ၊ စစ်မှုထမ်းဆိုင်ရာ အသိပညာပေးသတင်းများကို စဉ်ဆက်မပြတ် ထုတ်လွှင့်အသိပေးလျက်ရှိကြောင်း https://mod.gov.mm/node/74 တို့တွင်လည်း ဝင်ရောက်လေ့လာနိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

အုတ်တွင်းမြို့နယ် အတွင်းရှိ မီးသတ်တပ်ဖွဲ့ဝင်များ ဦးဆောင်ပြီး ပြည်သူများမီးဘေးအန္တရာယ်ကြောင့် နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် ရည်ရွယ်၍ မီးဘေးကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ခြင်းကို မတ် ၂၀ ရက်က အုတ်တွင်းမြို့ပေါ်ရှိ မဲကုန်းရပ်ကွက် အတွင်းသို့ မီးသတ် မော်တော်ယာဉ်ဖြင့် လှည့်လည်နှိုးဆော်ကြစဉ်။

အုတ်တွင်း(ပြန်/ဆက်)

ကလေးမြို့တွင် အကြမ်းဖက်သမားများ မိုင်းထောင်ဗောက်ခွဲမှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးလျက်ရှိသည်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့်ဟု မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် မတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ စမ်းမြို့ရပ်ကွက်တွင် မတ် ၁၈ ရက် နံနက်ပိုင်းက ပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့ရာ ဆိုက်တွဲမောင်းနှင်လာသော သားအဖနှစ်ဦး ပွဲချင်းပြီး သေဆုံးခဲ့သည့်သတင်းနှင့်ပတ်သက်၍ လတ်တလော ကလေးမြို့ပေါ်ရှိ ရပ်ကွက်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်နက်ကြီး ကျရောက်ပေါက်ကွဲမှုကြောင့် ပြည်သူများထိခိုက်သေဆုံးမှုများပြားလာကြောင်း အထင်အမြင်လွဲမှားဖွယ် သတင်းတု၊ သတင်းအမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက တစ်ဖက်သတ်စွပ်စွဲရေးသား ထားသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ဒေသခံပြည်သူ တစ်ဦး၏ပြောကြားချက်အရမတ် ၁၈ ရက် နံနက်ပိုင်းက စမ်းမြို့ရပ်ကွက် KBZ ဘဏ်ခွဲ(၂) ရှေ့တွင် PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် မိုင်းတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး ဆိုက်တွဲမောင်းနှင်လာသည့် သားအဖနှစ်ဦး ပွဲချင်းပြီးသေဆုံးသွားခဲ့ကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် ပြည်သူများအား သတင်းအမှန်များ အချိန်နှင့်တစ်ပြေးညီ သိရှိစေရန် ရေးသားထုတ်လွှင့်ခြင်းမရှိဘဲ သတင်းတု၊ သတင်းအမှားများဖြင့်သာ သတင်းအဆင်ပ်ခတ်လျက်ရှိပြီး နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် တစ်ဖက်သတ်စွပ်စွဲရေးသားချက်များကိုသာ ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

"ပြည်ချစ်သားမွန် တေးသဝဏ်" ပွဲစဉ် (၃) တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်ပြသမည်

နေပြည်တော် မတ် ၂၀

